mgyoe.com
SAMPLE BOOK

ထက်မြတ်နိုင်ရင်

# ပင်လယ်မှာ
# စံပယ်တွေပျိုးခဲ့တယ်

လုံးချင်းဝတ္ထုသစ်

mgyoe.com

mgyoe.com
SAMPLE BOOK

"လူမျိုးတုံးတယ်ဆိုတာ
သတ်ပစ်၊ ဖြတ်ပစ်မှ မဟုတ်ဘူး၊
စားဝတ်နေရေးနဲ့ ရှင်သန်ရာကို
ဖျက်ဆီးတားမြစ်ရင်လည်း
လူမျိုးတစ်စု ပျက်စီးသွားနိုင်ပါတယ်၊
လယ်လုပ်ရင်တောင်
နွားတွေ၊ ကျွဲတွေအတွက်
စားကျက်ဆိုတာ သတ်သတ်ချန်ထားပေးရတယ်၊
အခု ကျွန်တော်တို့မှာ
စားကျက်ပျောက်သလိုဖြစ်နေရပြီ"

# ထက်မြတ်နိုင်စင်

## ပင်လယ်မှာ စံပယ်တွေပျိုးခဲ့တယ်

ပင်လယ်မှာ...၊ ထက်မြတ်နိုင်စင်-၃၅၀၀ ကျပ်
9 720171 751709

DESIGNED BY AUNG MOE

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အမှတ်တရ



ထက်မြတ်နိုင်ဇင်

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ

ထုတ်ဝေသူ - ဦးမင်းထက်ဟန်(တောင်ဇလပ်နီစာပေ) (၀၂၇၇၄)
အမှတ် ၃၉၊ ပထမထပ်၊ ရန်ပြေ ၁၂-လမ်း၊
၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)
အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - အောင်မိုး

CTP - Eagle

အတွင်းအပြင်အဆင် - ဇလပ်နီ

စာစစ် - ဇလပ်နီ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၃၅၀၀ ကျပ်

၀၀၈.၈၄
ထက်မြတ်နိုင်ဇင်
ပင်လယ်မှာ စံပယ်တွေ ပျိုးခဲ့တယ်၊ ထက်မြတ်နိုင်ဇင်၊ - ရန်ကုန်။
တောင်ဇလပ်နီစာပေတိုက်၊ ၂၀၂၀။
စာ-၂၀၇၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) ပင်လယ်မှာ စံပယ်တွေ ပျိုးခဲ့တယ်၊


mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလောက် နှောင်ဖွဲ့တတ်မှန်း သိရင်
သံယောဇဉ်စံပယ်တွေကို ငါ ... မပျိုးခဲ့ပါဘူး ကောင်မလေးရယ်။
အခုတော့ ...
တလောကထဲ အတူတူ ရှိနေကြပေမယ့် ဆုံဖြစ်ဖို့တော့ ဒီဘဝ
မရှိတော့ဘူး။
ယန်းပေါ်ဆက်က ပြောတယ် ...
မနက်ဖြန်ဆိုရင် အနက်ရောင်ငှက်များ လာကြတော့မည် တဲ့။
ငါ့ ... မနက်ဖြန်မှာရော ...

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## နိဒါန်း။

လောကကြီးတွင် ကံတရားနှင့် အပြောင်းအလဲများသည် မည်သူမျှ ကြိုတင် ခန့်မှန်း၍ မရနိုင်အောင်ပင် ဆန်းကြယ်လွန်းလှသည်။ နောက်ခံ အင်အားမရှိ၊ အသက်အားဖြင့် ငယ်ရွယ်သော ဖွဲ့မာန်အဖို့ ရဲဘက်စခန်းတွင် သာ သူ့ဘဝကို ဇာတ်သိမ်းမည်ဟု မနေ့ကအထိ တထစ်ချ တွေးထားသည်။ ထောင်ကျပြီး ၂ နှစ်ခန့် ကြာပြီးနောက် ဖွဲ့မာန် အပါအဝင် အကျဉ်းသား အယောက် ၃၀ ကို စက်လှေဖြင့် ထားဝယ်ထောင်သို့ ပြောင်းသည်။ တင်ထားသော ဝန်နှင့် စာလျှင် သေးငယ်နေသော စက်လှေလေးမှာ ပင်လယ်လှိုင်းများကို ထိုးခွဲရင်း အသက်ရှူ ရပ်မတတ် ပြေးနေရှာ၏။ အကျဉ်းသား အားလုံးက တစ်ယောက်နှင့် တစ်ယောက် ဘာမှ မပြောကြ။ ငြိမ်ငြိမ်သက်သက်ပင် ရှိနေကြသည်။ အသစ် ပြောင်းသော ထားဝယ်ထောင်တွင် ကြုံတွေ့လာရမည့် အခက်အခဲ တချို့အတွက် စိတ်ကို ပြင်ဆင်ရင်း အသက်မှန်မှန် ရှူနေကြပုံပင်။ ဖွဲ့မာန်သည် သူ့အဖြစ်ကို တွေးလိုက်တိုင်း သူ့ဘဝကို နှမြောသည်။ သူများ ချောက်ချခံခဲ့ရသည့် သူ့ကိုယ်သူ နာကြည်းသည်။ တဆက်တည်း သူ့နောက်ကျောကို ဓားဖြင့် ထိုးသွားသော



mgyoe.com

mgyoe.com SAMPLE BOOK

မိန်းမကိုလည်း မုန်းသည်။ နာသည်။

တဒင်္ဂ သာယာမှုနှင့် တစ်စုံတစ်ရာကို ရှာဖွေရင်း သူသည် ချောက်ကမ်းပါး အစွန်းတွင် ထိုင်မိခဲ့ပုံရသည်။ လှည့်စား ထင်မှတ်မှားစေသော အရာသည် မာယာဖြစ်သည်ကို သိခဲ့ပါလျက် သူ ဝတ်ဆင်မိခဲ့သည်။ နောင်တ၊ အမုန်းနှင့် အနာများ ပေါင်းစုံလျက် သူ့စိတ်က ပင်လယ်ရေထဲ ကြာရှည်အစိမ်ခံရသလို ဆားပေါက်နေ၏။ ထိသမျှ တိုက်စားပစ်လိုက်ဖို့ အသင့်ဖြစ်နေသည်။ သူ့နှလုံးသားကတော့ သံချေးတက်လျက် ရင်ဘတ်ထဲတွင် အစိုင်အခဲတစ်ခု အဖြစ်သာ မာခဲနေသည်။

လင်းချင်းဖြူစင်ပြီး တောက်ပနေသော အဝါရောင်သည် ရုတ်တရက် ပျောက်သွား၏။ သူက အမှတ်တမဲ့ ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ကောင်းကင်သည် စောစောကလို လင်းပြာမနေဘဲ အုံ့မှိုင်းမှိုင်း နီကျင်ကျင် ဖြစ်နေ၏။ မကြာခင် မုန်တိုင်းကျတော့မည့် လက္ခဏာပင်။ သူ အနည်းငယ် စိုးရိမ်သွားသည်။

မျက်စိရှေ့မှာတင် လေက ခပ်ကြမ်းကြမ်း တိုက်လာပြီး လှိုင်းကလည်း အရင်ထက် ပိုများလာသည်။ ကောင်းကင်တွင် ခဲပုပ်ညိုရှိသော မိုးမျက်နှာပြင်ကို မြင်ရသည်။ ပင်လယ်လှိုင်းက ပိုမြင့်တက်လာသည်။ စက်လှေလေးမှာလည်း မုန်တိုင်း၏ လက်အောက်ငယ်သား ပင်လယ်လှိုင်းတံပိုးများ၏ ပြေးဝင်ဆောင့်မှုကြောင့် ဘေးဘယ်ညာ လူးလွန့်နေသည်။ စက်လှေဦးသည် ခြေဆောင့်တတ်သော နတ်သမီး ကခုန်နေသကဲ့သို့ ပင်လယ်ရေထဲ နစ်နစ် ဝင်သွားသည်။ နစ်ဝင်လိုက်၊ အပေါ်ကို မြောက်တက်လာလိုက်နှင့် ရှိနေ၏။ တကယ်ပင် မုန်တိုင်းက အစပျိုးနေပြီ။

အခြေအနေကို ရိပ်မိပုံရသော တာဝန်ကျ ရဲသားကလည်း အကျဉ်းသားတွေလက်မှ လက်ထိပ်ကို တစ်ဦးချင်းစီ လိုက်ဖြုတ်ပေး၏။ ပင်လယ်ထဲ ကျသွားသည့်အခါ ကူးခတ်ရန် ဖြစ်ရသည်။ အကျဉ်းသားများကလည်း သဘောပေါက်သွားပြီးနောက် ထိတ်လန့်တကြားဖြင့်–

'ဟာ ... မုန်တိုင်း တိုက်ပြီ ထင်တယ်'

'ဒုက္ခပဲ ... ထောင်ထဲ မနေရဘဲ ဒီတစ်ခါတော့ ပင်လယ်ထဲမှာ သေပြီ ထင်တယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ဘုရား ကယ်တော်မူပါ'

ဟု တစ်ယောက်တစ်ခွန်း အလန့်တကြား ပြောဆိုကြ၏။ လေနီကြမ်းတွေက တဟူးဟူး တိုက်ခတ်လာသည်မို့ ဖွဲ့မာန်တို့ စက်လှေလေးက ဘေးတစ်စောင်း ဖြစ်သွားလိုက်၊ ရှေ့ကို အိနစ်ကျသွားလိုက်၊ အပေါ်ကို မြောက်တက်သွားလိုက်နှင့် လှိုင်းကြီးရေထဲ လူးလွန့်နေတော့သည်။ ဖွဲ့မာန်က ပင်လယ်သားပီပီ မကြာခင် လေမုန်တိုင်းကြီး ကျတော့မည်ကို သိလိုက်၏။

သူ့အတွေး မဆုံးခင်မှာပင် ဝေ့ဝဲလာသော လေများက ပင်လယ်လှိုင်းတွေကို မ တင်လိုက်ပြန်သည်။ ဝုန်းခနဲ လှေနံရံကို အရှိန်ပြင်းပြင်း ရိုက်ခတ်ပြီးနောက် စက်လှေလေးသည် လေပေါ်သို့ ခပ်မြင့်မြင့် မြောက်တက်သွားသည်။ ပြန်အကျတွင် အရှိန်ပြင်းသောကြောင့် ဟန်ချက်ပျက်ပြီး စောင်းကာ တိမ်းမှောက်သွား၏။ မျိုးစေ့များ ကြဲပက်လိုက်သလို လူတွေက နေရာအနှံ့ ပျံ့ကြဲလွင့်စင်သွား၏။ ပင်လယ်ကြီးသည် စက်လှေငယ်လေးကို ခဏချင်းမှာပင် ဝါးမျိုစားသောက်လိုက် သည်။ ထိုသို့ဖြင့် စက်လှေလေးသည် ပင်လယ်ထဲတွင် မုန်တိုင်းမိပြီး စုန်းစုန်းမြုပ်သွားတော့သည်။

လူအားလုံးက ပင်လယ်ပြင်ကြီးထဲ၌ ဖရိုဖရဲ ကူးခတ်နေကြ၏။ သာမန် ရေကူးတတ်သူအဖို့ မုန်တိုင်းကျနေသော ပင်လယ်ထဲတွင် အသက်ရှင်ရန် ကူးခတ်နိုင်ဖို့ မလွယ်ကူချေ။ သေလျှင်တောင်မှ မျောချင်ရာ မျောသွားနိုင်သောကြောင့် အလောင်း ပြန်ရဖို့ပင် မျှော်လင့်ချက် မရှိ။ ထိုအခွင့်အရေးကို အသုံးချပြီး ဖွဲ့မာန်က လွတ် လမ်း ရှာတော့သည်။ တကယ်လည်း ဖွဲ့မာန်လို ရေကူးကျွမ်းကျင်သော ပင်လယ် သားအဖို့ ငုပ်လျှိုးကူးခတ် လွတ်မြောက်သွားနိုင်ခဲ့သည်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်းတစ်ကျွန်း၏ ကျောက်ဆောင်အကွယ်တွင် ဇွဲမာန်တယောက် ကမ်းပေါ်တင်ကာ မေ့မျောနေသည်။ ရာသီဥတုက သာယာကြည်လင်နေ၏။ ကျွန်းပေါ်မှ အပင်စိမ်းစိမ်းတွေကို ဖြတ်ပြီး တိုက်လာသော လေအေးသည် ဇွဲမာန်ကို လှုပ်နှိုးလိုက်သည်။ သူ ... မျက်လုံးပွင့်လာ၏။

စူးရဲသော နေရောင်ခြည်ကြောင့် ဇွဲမာန်က မျက်လုံးကို ပြန်ပိတ်လိုက်ရ၏။ ခဏအကြာ လက်ဖြင့်ကွယ်ကာ မျက်လုံး ပြန်ဖွင့်ကြည့်လိုက်သည်။ သူသည် ပင်လယ်ထဲတွင် တစ်ရက်နှင့် တစ်ညလုံး မောပန်းစွာ ကူးခတ်ခဲ့ရသည်။ ယခု သူ ကျွန်းပေါ်တင်နေပြီဟု သိလိုက်ရသည့်အခါ သူ မသေတော့ဘူးဟူသော အသိကြောင့် ပျော်သွား၏။ သူ မတ်တတ်ရပ်ဖို့ ကြိုးစားလိုက်သည်။

'ဂလောက် ... ဂလောက်'

ခြေထောက်ဆီမှ လေးလံသော တစ်စုံတစ်ရာကြောင့် သူ ကြည့်လိုက်သည်။ သူ့ခြေထောက်တွင် သံကြိုးတစ်ခု ငြိတွယ် ပတ်နေသည်ကို တွေ့လိုက်ရ၏။ ဒါနှင့်သူက ထိုသံကြိုးကို ဖြုတ်ဖို့ ကြိုးစားသည်။ ဖြုတ်ယူပြီးနောက်


mgyoe.com

mgyoe.com SAMPLE BOOK

သံကြိုးက ဘယ်ကဘယ်လို သူ့ခြေထောက်တွင် ငြိတွယ်ပါလာတာပါလိမ့်ဟု စဉ်းစားကြည့်သည်။

သူ အာရုံထဲ ဖျတ်ခနဲ ပေါ်လာ၏။ သူ ပင်လယ်အောက် ကြမ်းပြင်တွင် ကူးခတ်နေစဉ် ရှည်မျောမျော သေတ္တာပုံ တစ်ခုကို ခြေထောက်နှင့် နင်းမိပြီး ထိုသေတ္တာကို ချည်ထားသည့် သံကြိုးက သူ့ခြေထောက်တွင် ငြိပါလာသည်ကို သူ ပြန်မှတ်မိ သွားသည်။

တဆက်တည်းမှာပင် သူ သေတ္တာကို စိတ်ဝင်စားသွားပြီး ပြန်လည် ငုပ်လျှိုးကာ တွေ့အောင်ရှာဖို့ ဆုံးဖြတ်လိုက်၏။

❑


mgyoe.com

mgyoe.com SAMPLE BOOK

သူ သက်စွန့်ဆံဖျား ရှာဖွေပြီးနောက် ရေအောက်ကြမ်းပြင်တွင် ခေါင်းတလားပုံစံ သေတ္တာရှည်မျောမျော တစ်ခုကို တွေ့ရသည်။ သူက ရေအောက်ထဲမှ ခက်ခက်ခဲခဲ ဆယ်ယူတင်လာ၏။ ကမ်းပေါ် အရောက်တွင် ဖွင့်ကြည့်လိုက်သည့်အခါ ဇွဲမာန်၏ မျက်လုံးများသည် ကျောက်သလင်းလို စူးကြည်သွားသည်။ သေတ္တာထဲတွင် ကျောက်မျက် ရတနာများ၊ ရွှေဒင်္ဂါးများသည် နေရောင်ခြည်ထဲတွင် လက်လက်ထသွား၏။

'ဟာ...'

ဇွဲမာန် တွေခနဲ ဖြစ်သွားသည်။ ဦးလေးဖြစ်သူ ဦးဘာဟိန် ပြောသည့် ယိုးဒယားမင်းသား ဖြသပိုက်ဒဏ္ဍာရီသည် အမှန်တကယ် ဖြစ်ကြောင်း သိလိုက်ရစဉ် သူ ခဏ ရူးသွပ်သွားသည်။

❑



mgyoe.com

mgyoe.com SAMPLE BOOK

(၁)

အချိန်ကား ... ခရစ်နှစ် ၁၅၆၃ ခုနှစ် ဖြစ်၏။ အယုဒ္ဓယမြို့ကို ဘုရင့်နောင်တပ်များ တိုက်ခိုက်သိမ်းပိုက်နေချိန် ဖြစ်သည်။ မြန်မာ့တပ်မတော်သည် ယိုးဒယားနိုင်ငံ၏ မြောက်ပိုင်း ပြည်နယ်များ ဖြစ်သော သဝန်ခလောက်ဝဲ၊ ပိစဲ၊ ကမန်ပိုက်၊ သောက္ကတဲ၊ ပိသလောက်တို့ကို ဦးစွာသိမ်းပိုက်ခဲ့ပြီးနောက် ဘုရင့်နောင်တပ်များသည် အယုဒ္ဓယသို့ ချီတက်လာခဲ့၏။

ဘုရင့်နောင်ဘက်မှ မြန်မာ့တပ်မတော်သည် ယိုးဒယားမြို့ရိုးထက် မြင့်သော ပစ်စင်ကြီးများကို တည်ထောင်ပြီး ယင်းစင်ကြီးများပေါ်မှ အမြောက်များကို တင်၍ အယုဒ္ဓယမြို့ကို နေ့စဉ်ပစ်သွင်းနေသည်။ မြန်မာတို့၏ အမြောက်ဒဏ်ကြောင့် အယုဒ္ဓယ မြို့သူမြို့သားများ စိတ်ဓာတ်ကျဆင်းလာ၏။ သို့နှင့် ယိုးဒယားဘုရင် ချက္ကရဖတ်က ဘုရင့်နောင်ထံတွင် အညံ့ခံလိုက်သည်။

ဖခမည်းတော်ဖြစ်သူ အညံ့ခံသော်လည်း သားနှစ်ဦးက မကျေနပ်။ အံကို တင်းတင်းကြိတ်ရင်း ဘုရင့်နောင်ကို အငြိုးကြီးစွာဖြင့် ကြည့်နေ၏။ အသက်အရွယ်အားဖြင့် ၁၀ နှစ်ခန့်သာ ရှိသေးသော်လည်း သူတို့မျက်လုံးထဲက အမုန်း



mgyoe.com

mgyoe.com

မီးတောက်သည် အလျှံတညီးညီး တောက်လောင်နေတော့၏။

❑


mgyoe.com

mgyoe.com SAMPLE BOOK

စစ်နိုင်သွားသော ဘုရင့်နောင်တပ်များက ဆင်ဖြူလေးစီးနှင့်အတူ ယိုးဒယားဘုရင်ကို ခေါ်ဆောင်ပြီး ဟံသာဝတီသို့ ပြန်ခဲ့သည်။

ထို့နောက် ယိုးဒယားဘုရင်က ဟံသာဝတီတွင် နေရင်း ရဟန်းဝတ်နေသောကြောင့် ဘုရားဖူးရန် အကြောင်းပြချက်ဖြင့် အယုဒ္ဓယသို့ ပြန်သွားသည်။ သားတော် ဖြမဟိန်နှင့် ပူးပေါင်းကာ ဘုရင့်နောင်ကို အတိအလင်း ပုန်ကန်သည်။ သို့သော်လည်း အင်အားကောင်းလှသော မြန်မာ့တပ်မတော် လက်အောက်တွင် အယုဒ္ဓယကို သိမ်းပိုက်နိုင်ခဲ့လေသည်။

ယိုးဒယားဘုရင် နတ်ရွာစံသွားသောကြောင့် ဘုရင့်နောင်က ယိုးဒယားဘုရင်၏ သားမက် ဖြမဟာဓမ္မရာဇာကို မြို့စားအဖြစ် ရွေးချယ်ခန့်အပ်ပြီးနောက် ယိုးဒယားမင်းသား ဖြနရာဇ်နှင့် မြို့စားဓမ္မရာဇာ၏ သားတော် ဖြသပိုက်ကို ဟံသာဝတီသို့ ခေါ်ဆောင်လာခဲ့လေတော့သည်။

❑



mgyoe.com

mgyoe.com SAMPLE BOOK

နေကြာပန်းလေးတွေ ပွင့်ဖို့ နေရောင်ခြည် လိုအပ်တယ်။
သစ်ပင်တွေ ရှင်သန်ဖို့ ရေလိုအပ်တယ်။
ငါးကလေးတွေ ကူးခတ်နိုင်ဖို့ အောက်ဆီဂျင် လိုအပ်တယ်။
ကျွန်တော် အသက်ရှင်နေဖို့ ဘာလိုအပ်တယ် ထင်ပါသလဲ...?

mgyoe.com

mgyoe.com SAMPLE BOOK

(၂)

*တစ်တော်ဦးဆီ ××× မျှော်လိုက်ပြန်တော့ ××× ရဲတံခွန်တွေ ××× လေကစား ××× ကြွားတလူလူ ဝေ ××× တစ်ဦးဆီ မျှော်လိုက်ပြန်တော့ ××× တံခွန်တွေ ××× အလံတွေ ××× ရဲမာန်ပွား ××× လောက်ပေ ××*

ဓာတ်စက်မှ ပြည်လှဖေ၏ နတ်သျှင်နောင် သီချင်းသံက သာယာဖွယ် ပေါ်ထွက်နေ၏။ အပြင်ဘက်တွင် နေရောင်ခြည်က စူးရဲစွာ ပူနေသည်။ ကျော်နေခက ဘယ်မှ မသွားဘဲ ပက်လက်ကုလားထိုင်ပေါ်တွင် လှဲရင်း မျက်လုံးကို အသာမှေးစင်းလျက် ဓာတ်စက်ထဲမှ နတ်သျှင်နောင်ကို ခံစားနေလေသည်။

ခေတ်ဟောင်း တေးတစ်ပုဒ်ကို ဖွင့်ပြီး ခံစားနေသော ကျော်နေခသည် လူပုံကို ကြည့်လိုက်လျှင်တော့ အသက် ၂၆ နှစ်ခန့်သာ ရှိသေးသည့် လူငယ်လေး တစ်ယောက်ပင်။ သို့သော်လည်း သူကတော့ ၁၉၅၀ ခုနှစ် ဝန်းကျင်က သီချင်း များနှင့် ၁၉၆၀-၇၀ ကျော်က သီချင်းများကိုသာ သူနှလုံးသားက ခံစားလို့ ရနေ၏။ ထိုသီချင်းတွေက သူ့အာရုံကို လန်းဆန်းစေသည်။ ဟောင်းနွမ်းခြင်းတွေကပင် သူနှင့် အသားကျလွန်းနေ၏။ ထူးဆန်းလှသည်။ သူက



mgyoe.com

mgyoe.com


မျက်လုံးကို အသာမှေးစင်းလျက် ဓာတ်စက်မှ စည်းချက်အတိုင်း လက်ချောင်းများကို ကုလားထိုင် လက်တန်းပေါ် အသာအယာ လှုပ်ရှားနေလေသည်။

***မဆုတ်မတွန့် မရွံ့တဲ့သူတွေ ××× သတ္တိပြောင် ထောင်ထောင်မောင်း မောင်း××× သူ့ရဲကောင်းတို့ လက္ခာညီပေ ××× မြင်းသည်တော်တွေ ××× ခြေသည်တော်တွေ ××× စစ်စခန်းချရာမြေ ×××***

'ဟား ... ဟား ... မင်းကလည်း ကျော်နေခရယ်၊ နားထောင်လိုက်မှဖြင့် ခေတ်ဟောင်း သီချင်းတွေချည်းပဲ။ လူငယ်ဆန်ဆန် နေစမ်းပါကွာ'

ရယ်ရယ်မောမောနှင့် ဝင်လာပြီး ပြောလိုက်သော နေထွန်း၏ အသံကြောင့် ကျော်နေခက သီချင်းထဲ စီးမျောနေသည့်အာရုံ ပျက်သွားရင်းက မျက်လုံးဖွင့်ပြီး ကြည့်လိုက်၏။ စိတ်ရှုပ်သည့်ဟန်ဖြင့် တပြိုင်နက်တည်း သီချင်းသံ Volume ခလုတ်ကို လည်း နှိပ်ပြီး အသံလျှော့လိုက်သည်။

နေထွန်းက ကျော်နေခ၏ မျက်နှာချင်းဆိုင် တိုက်ခန်းမှ ဖြစ်သည်။ ကျော်နေခက သည်တိုက်ခန်းကို ပြောင်းလာသည့် အချိန်တွင် နေထွန်းက အစစ အရာရာ ကူညီပေးခဲ့သည်။ ဥပမာ ရေတင်၍ မရသဖြင့် နေထွန်းကို မေးမြန်းရသည်။ ရေမော်တာ ပျက်သဖြင့် ပြင်မည့်သူကို နေထွန်း အကူအညီဖြင့် ရှာရသည်။ သောက်ရေသန့်ဘူး မှာယူရာတွင်လည်း လူဟောင်းဖြစ်သော နေထွန်းက ဘယ်မှာ မှာရမယ် ဘယ်လို မှာရမယ်နှင့် ကူညီပေးသည်။ ထို့ကြောင့် ရွယ်တူလည်း ဖြစ်၊ အိမ်နီးနားချင်းလည်း ဖြစ်သော နေထွန်းနှင့် ကျော်နေခတို့ သူငယ်ချင်းလို ရင်းနှီးသွားခြင်း ဖြစ်သည်။ ငယ်ပေါင်းကြီးဖော်တော့ မဟုတ်ချေ။ ကျော်နေခက ကိုယ်ကို မတ်မတ်ထိုင်လိုက်ရင်း နေထွန်းကို ကြည့်ပြီး ပြောသည်။

'အေးပေါ့ နေထွန်းရာ။ လူဆိုတာ သူ့အကြိုက်နဲ့ သူပေါ့။ ဆိုစမ်းပါဦး မင်း လာတာ ဘာကိစ္စလဲ'

'အံမယ် ... အသံကိုက ဗီးလ်ပျက်လို့ မကြည်တဲ့ လေသံနဲ့။ မင်းကိစ္စ ပြောဖို့ လာတာကွ။ ငါ့အကျိုး တစ်စက်မှ မပါဘူး'

'အောင်မလေးကွာ ...။ မင်းနှယ် ... ယောကျ်ားတန်မဲ့ စကားနာတွေ ထိုးနေပြန်ပါပြီကော'

အဖိုးကြီး တစ်ယောက်ကဲ့သို့ လေသံကျကြီးဖြင့် ပြောလိုက်သော


mgyoe.com

mgyoe.com SAMPLE BOOK

ကျော်နေခ၏ အပြောကြောင့် နေထွန်းက အားရပါးရ ရယ်မောပြီး ပြန်ပြောသည်။

'ဟား ဟား ဟား...။ ကျော်နေခရာ ရိုးရိုးတန်းတန်း ပြောလည်း ရပါတယ်ကွာ။ မင်းကလေ တစ်ခါတလေကျရင် အဖိုးကြီးလေသံနဲ့၊ ဘာကောင်မှန်းမသိဘူး'

ကျော်နေခက ရယ်မောခြင်း မရှိဘဲ မသိကျိုးကျွံသာ ပြုသည်။

'ထားပါတော့ကွာ။ ကဲ ... နေထွန်း၊ မင်း ဘာပြောမှာလဲ မပြောရင်လည်း ပြန်၊ အပြင်မှာ နေပူတယ်နော်။ ငါ နားပူတာ မခံနိုင်ဘူး'

'ဟော့ကောင်၊ မင်း ဂေါက်သီးရိုက် အသင်းဝင်ဖို့ဆို၊ အဲဒါ ငါ စုံစမ်းထားပြီးပြီ'

'ဟင် ... ဟုတ်လား၊ ဘယ်တော့သွားရမလဲ'

သည်တခါတော့ ကျော်နေခက စိတ်ဝင်တစား အားတက်သရောဖြင့် မေးသည်။ ဂေါက်ရိုက်ခြင်းသည် အကောင်းဆုံး အချိန်ဖြုန်းနည်း တစ်ခုမဟုတ်လား။

'အေး ... မနက်ဖြန်ကျရင် မင်း ဂေါက်ကလပ်မှာ အသင်းဝင်ဖို့ ငါ့သူငယ်ချင်းတွေနဲ့ ချိတ်ပြီးပြီ။ မနက်ဖြန် မနက် ၁၀ နာရီ မင်း မှတ်ပုံတင်ယူပြီး လိုက်ခဲ့ရုံပဲ'

'အဲဒါများ စောစောကတည်းက ပြောလိုက် ပြီးတဲ့ဥစ္စာ။ စကားကြောတွေ ရှည်နေသေးတယ်'

'အေးပါကွာ။ ဒီမှာ ကျော်နေခ မင်း အသက်ငယ်ငယ်လေး ရှိသေးတယ်။ စိတ်ကလေးကို ဒီထက် နည်းနည်းရှည်ရှည်ထားပါကွာ။ ဒီပုံစံအတိုင်းသာဆိုရင် မင်း အသက်ကြီးရင် ခက်ဦးမယ်'

ထိုအပြောကြောင့် ကျော်နေခ ပြုံးလိုက်မိသည်။ ဘာမျှတော့ ပြန်မပြော။

နေထွန်းက-

'မနက်ဖြန်နော် ကျော်နေခ။ မင်း ... မေ့နေဦးမယ်'

'ကောင်းပြီ ... ကောင်းပြီ၊ အဲ ... အိုကေ။ မမေ့ဘူး စိတ်ချ'

❑


mgyoe.com

mgyoe.com SAMPLE BOOK

နောက်နေ့ မနက်တွင် ကျော်နေခက နေထွန်းနှင့်အတူ ချိန်းထားသည့် နေရာသို့ သွားသည်။ ရောက်တော့ နေထွန်း၏ သူငယ်ချင်းများနှင့် တွေ့သည်။ အသားဖြူဖြူ မျက်နှာဝိုင်းနှင့် တစ်ယောက်က ဂေါက်ကလပ်တွင် တာဝန်ရှိသူ လူကြီးထဲမှ ရာထူးအကြီးဆုံး၏ သားဟု သိရ၏။ နာမည်က ကိုမျိုးနောင်ဟု ခေါ်သည်။ နေထွန်းနှင့်တော့ တော်တော်ရင်းနှီးပုံရသည်။ အားလုံးက အရွယ်တူ မတိမ်းမယိမ်းမို့ စကားတွေ ရှည်ရှည်ဝေးဝေး ပြောစရာမလို။ ခဏချင်းမှာပင် အဖွဲ့ကျသွားကြသည်။

ကိုမျိုးနောင်က ကျော်နေခ၏ မှတ်ပုံတင်ကို ကြည့်ပြီး-

'မှတ်ပုံတင်ထဲက မွေးသက္ကရာဇ်က ၁၉၉၃ ဆိုတော့ ၂၆-၂၇ နှစ်ပေါ့။ ကျွန်တော်တို့နဲ့ အတူတူပဲဗျ'

'အင်း ဟုတ်တယ်'

ကျော်နေခက အေးအေးဆေးဆေးပင် ဖြေသည်။

'မှတ်ပုံတင်ထဲက လူပုံနဲ့ ခင်ဗျားနဲ့ သိပ်မတူသလိုပဲနော် ကိုကျော်နေခ'



mgyoe.com

 mgyoe.com SAMPLE BOOK 

ဘာရယ်မဟုတ် ကိုမျိုးနောင်က ပြောသည်။ ကျော်နေခက ပြုံးလိုက်ပြီး မပွင့်တပွင့် လေသံဖြင့် ဆိုရှာသည်။

'တူပါတယ်၊ အရင်က ရိုက်ထားလို့ ဖြစ်မှာပါ'

'ဟာ.. မဟုတ်သေးဘူးနော် ကိုကျော်နေခ။ တော်တော်ကို မတူတာဗျ'

ကိုမျိုးနောင်က မှတ်ပုံတင်ကိုကြည့်လိုက် ကျော်နေခကို ကြည့်လိုက်နှင့် တိုက်စစ်နေ၏။

'ဟင် ... ဟုတ်လား ... ပြစမ်း'

နေထွန်းကလည်း ဆွဲယူပြီး ကြည့်၏။

ကျော်နေခ စိတ်ညစ်သွားပြီး-

'မဟုတ်ပါဘူးဗျာ၊ အဲဒီတုန်းက နယ်မှာ နေတာရယ်၊ တွို့က်ဖွိုက်ဖြစ်လို့ ပျောက်ခါစ အချိန်မှာ မှတ်ပုံတင် လုပ်ထားလို့ပါ။ အဲဒါကြောင့် လူက မဲပြီး ပိန်နေတာ'

'ဩော် ... ဒီလိုကိုး'

ကိုမျိုးနောင် ကျေနပ်သွားသည်။ မှတ်ပုံတင်ဖြင့် ဖောင်ဖြည့်ခြင်း၊ အသင်းဝင်ကြေး ပေးသွင်းခြင်း စသဖြင့် လုပ်ပြီးသည့်အခါ အသင်းဝင်သည့် အလုပ်က ပြီးသလောက် ဖြစ်သွားသည်။

ကျော်နေခက-

'ကိုမျိုးနောင်တို့ကို ကျွန်တော် တစ်ရက်လောက် နေ့လယ်စာ ဖိတ်ကျွေးပါရစေ'

လူငယ်တွေပီပီ ဟန်ဆောင်မှု မရှိသော ထိုလူနှစ်ယောက်ကလည်း-

'ဟာ ... ကောင်းတာပေ့ါ၊ ဘယ်တော့လဲ' ဟု အားတက်သရော မေးသည်။

'ဒီနေ့ နေ့လယ်တော့ ကျွန်တော် ကိစ္စလေးတစ်ခု ချိန်းပြီးသားဖြစ်နေလို့၊ မနက်ဖြန် ၁၂ နာရီလောက် ဆိုင်မှာ ကျွေးပါ့မယ်'

'အို ... good ပဲဗျာ'

ကိုမျိုးနောင်တို့ တော်တော်လေး ရွှင်မြူးသွားကြသည်။

❑



mgyoe.com

mgyoe.com SAMPLE BOOK

ရောင်ခြည်က စူးရဲမနေဘဲ အုံ့အုံ့ဆိုင်းဆိုင်းလေး ဖြစ်နေ၏။ တိမ်တွေက ဂွမ်းကပ်တွေ ထပ်ထားသလို ထူလွန်းသည်။ နေခြည်၏ အလင်းသည် မြေပြင်ပေါ် တိုက်ရိုက်မကျ။ အုပ်ကာထားသကဲ့သို့ ဖြစ်နေသည်။ အပူဒဏ်ကတော့ လျော့မသွား။ ပိုပူနေ၏။

ဘာမှ မပြောင်းလဲ။ ဟိုးအရင်က အတိုင်းပင် မနက် မိုးလင်းလာသည်။ ဟိုးအရင်က အတိုင်းပင် နံနက်ခင်း ရောက်သည့်အခါ နေထွက်လာသည်။ ဟိုးအရင်က အတိုင်းပင် တိမ်ထူသည့်အခါ နေရောင် ကွယ်နေလေ့ရှိသည်။ သူ့မျက်လုံးတွေသည်လည်း အိပ်ရပါများ၍ ထင်သည်။ မနက် ၆ နာရီဆိုလျှင်ပင် အကျင့်ပါပြီး အလိုလို ပွင့်လာသည်။ သဘာဝ တရားကတော့ ဘာမျှ မပြောင်းလဲပါချေ။ နေ့တစ်နေ့သည် အိမ်ထဲမှာပင် ဟိုလုပ် ဒီလုပ်ဖြင့် အချိန်ကုန်ရသည်။ စာဖတ်လျှင် ဖတ်၊ သီချင်း နားထောင်ချင်လျှင် နားထောင်။ သူ့အလုပ်က ဒါပဲ ဖြစ်သည်။ အစားအသောက်တွေလည်း စားရဖန်များသဖြင့် ငြီးငွေ့လာသည်။ ဘယ်အစားအစာကိုမှ သူ မက်မက်စက်စက် မရှိတော့ချေ။



mgyoe.com

mgyoe.com SAMPLE BOOK

ရေကိုသာ အမြဲသောက်နေမိ၏။ တစ်ခါတစ်ရံ ဆက်တီစားပွဲခုံပေါ်က သဘာဝ တရားလေးကို ရေလောင်းပေးသည်။ တစ်ခါတစ်ရံ ဘာရယ် မဟုတ်၊ ပန်းအိုးထဲက ကျောက်တုံးလေးတွေကို ငေးကြည့်သည်။ ပန်းပင်လေး၏ ရှင်သန်နေခြင်းအတွက်တော့ ကျောက်တုံးကလေးတွေကသာ သူရဲ့အဓိပ္ပါယ် ဖြစ်သည်။ သူ့ရှင်သန်ခြင်း အဓိပ္ပါယ်ကရော ဘယ်မှာပါလိမ့်။ ဘာအတွက် သူ ရှင်သန်နေရပါလိမ့်။ သူ အတွေးကို ရပ်လိုက်သည်။ ဆိုင်ထဲတွင် လူတွေ တဖြည်းဖြည်းများလာ၏။ အိုက်စပ်စပ် ဖြစ်လာသည်။ နေ့လယ်စာ စားချိန်မို့ ထင်သည်။ ဖွင့်ထားသည့် လေအေးစက်ကို Waiter လေးက အအေး မြှင့်သည်။ နေလို့ကောင်းသွား၏။ စားပွဲပေါ်က ဖွင့်ထားလက်စ Laptop ထဲမှ facebook ဗီဒီယိုဖိုင်က အော်တို Play နေသည်။ လှုပ်ခါရမ်းနေသော ကြော်ငြာမင်းသမီးတစ်ယောက်ကို တွေ့သည်။ သူ့ဝတ်စုံက အပေါ်ပိုင်း ဗလာ ကျင်းနေ၏။

ကမ္ဘာကြီးက တစ်နှစ်ထက် တစ်နှစ် ပိုပူလာသည်။ အိမ်တိုင်း ရုံးခန်းတိုင်း ဆိုင်တိုင်းက ဖွင့်သော လေအေးပေးစက်များ၏ အောက်ဒိုးယူနစ်က အပူငွေ့များကို အပြင်သို့ အပြိုင်အဆိုင် တွန်းထုတ်လွှတ်နေကြသည်။ သူ့တာဝန်က အခန်း အေးဖို့ပင်။ အပြင်ကကိစ္စ သူနှင့် မဆိုင်သလိုပင်။အခန်းထဲတွင် အေးပြီး အပြင်ဘက်တွင် ပူလောင်နေသည်။ ဒီလိုပါပင်၊ တစ်ခုအတွက် တစ်ခုက နစ်နာဆုံးရှုံးကြရတာ သဘာဝပဲ မဟုတ်လား။

လေတိုက်လျှင် ထိုအပူငွေ့များ အနည်းအကျင်းတော့ ကောင်းကင်သို့ ပြန်တက်သွားနိုင်ကောင်းသည်။ တိမ်ထူပြီး လေငြိမ်နေခြင်းကြောင့် မီးမြိုက်ထားသော ဖန်လုံအိမ်ကြီးထဲ ရောက်နေသလို အိုက်စက်လှောင်ပိတ်နေ၏။ သူ့အဖို့တော့ ထိုအပူဒဏ်ကလည်း ရိုးနေလေပြီ။ ဆိုင်အပြင်ဘက်တွင် လရောင်ထဲ လမ်းလျှောက်နေကြသလို လူတွေက သွားလာနေကြသည်။

အတွေးများရင်း ခဏရပ်ကာ နာရီကို တစ်ချက်ကြည့်၏။ နေ့ခင်း ၁၂ နာရီခွဲ ဖြစ်သည်။ ဟိုလူတွေ ချိန်းထားသည့် အချိန်ထက် နာရီဝက်တိတိနောက်ကျနေလေပြီ။ နေထွန်းက မနက်ကတည်းက အလုပ်ကိစ္စ တစ်ခုဖြင့် ထွက်သွားနှင့်သည်။ ၁၂ နာရီ အရောက်လာခဲ့မယ်ဟု ပြောထားသည်။

သူတို့ ၃ ယောက်လုံး၏ အရိပ်အယောင်ပင် မတွေ့ရသေး။ အချိန်မတိကျခြင်းကြောင့် ကျော်နေခ အနည်းငယ် စိတ်ပျက်သွားမိသည်။ ဒီနေ့


mgyoe.com

mgyoe.com SAMPLE BOOK

ခေတ်လူတွေ ဘယ်လိုများ ဖြစ်သွားကြပါလိမ့်ဟု သူ တွေးမိ၏။ ဆိုင်ထဲတွင် လူသံများ ဆူညံသထက် ဆူညံလာသည်။ အစားအသောက်များ မှာသံ၊ ပန်းကန်နှင့် ဇွန်းခရင်း ထိသံများ၊ ရယ်သံများ။ ပြီးတော့ ဟင်းအနံ့များ...။

နေ့လယ် ၁နာရီ ထိုးဖို့ ၁၀ မိနစ် အလိုခန့်မှ နေထွန်းတို့ ၃ ယောက်သား ရယ်ရယ်မောမောဖြင့် ဆိုင်ထဲ ဝင်လာသည်ကို တွေ့ရ၏။ နေထွန်းက ကျော်နေခ၏ ပခုံးကို ရင်းရင်းနှီးနှီး လှမ်းပုတ်လိုက်ရင်း-

'ကျော်နေခ ရောက်နေတာ ကြာပြီလားကွ'

သူ့အသံက အားတုံ့အားနာ တစ်ချက်မဖြစ်။ ကျော်နေခက စိတ်ပျက်သလို ဘာမှ မပြောဘဲ တေမိ လုပ်နေ၏။ ပါးနပ်သော ကိုမျိုးနောင်က အကဲခတ်မိပုံ ရသည်။ အားနာစကားဆို လေသည်။

'ဆောရီး ကိုကျော်နေခရယ်၊ ကျွန်တော်တို့ အလုပ်ကိစ္စလေး တစ်ခု မမျှော်လင့်ဘဲ ကြာသွားတယ်။ ဒီကောင့် ကိစ္စ ... ဟား ဟား'

ကိုမျိုးနောင်က ပြောရင်း ဘေးက သူငယ်ချင်းဖြစ်သူ ကိုထွန်းကို ကြည့်ပြီး ရယ်၏။ ဘာအဓိပ္ပါယ်မှန်း ကျော်နေခ မသိ။ အလုပ်ကိစ္စလည်း ပြောသေး၊ ပြောင်ပြောင် နောက်နောက်ဖြင့် ရယ်လိုက်သောကြောင့် ကျော်နေခ စိတ်ထဲ အထင်လည်း သေးသွားမိသည်။ သူ့ရယ်သံက ပေါ့ပျက်ပျက်။

ကျော်နေခ မျက်မှောင်ကုတ်ထားသည်ကို မြင်တော့ နေထွန်းက-

'မင်း မျက်စိလည်သွားပြီ ထင်တယ်။ ငါ ပြောပြမယ်။ ကိုထွန်းက အင်တာနက်ထဲက ဖူးစာရှင် ရှာပေးတဲ့ website ကို ဆက်သွယ်ပြီး ကောင်မလေးနဲ့ သွားတွေ့တာ'

တစ်ခါမှ မကြားဖူးသည့် အထူးအဆန်းတစ်ခု ကြားလိုက်ရသည်။ ဖူးစာ ဆိုသည်က ကံတရားနှင့် ဆိုင်သည်ဟု ကျော်နေခ သိထားသည်။ ကျော်နေခက မျက်ကလဲဆန်ပျာ ဖြစ်သွား၏။ မျက်လုံး အကြောင်သားဖြင့် နေထွန်းကို ကြည့်သည်။

'ဘယ် ... ဘယ်လို နေထွန်း၊ မင်းတို့ဟာက အဆန်းပါလား။ အင်တာနက်ကနေ ဖူးစာရှင် ရှာတယ် ဟုတ်လား။ ဖူးစာရှင် ဆိုတာ အဲဒီလို ရှာလို့ရတယ်ပေါ့ ဟုတ်လား။ ငါတော့ တစ်ခါမှ မကြားဖူးပါဘူးကွာ'

နေထွန်းက သဘောကျသလို ရယ်ပြန်သည်။ သူ့ရယ်သံက မြင်းတစ်


mgyoe.com

mgyoe.com SAMPLE BOOK

ကောင် ဟီလိုက်သလိုမို့ ကျော်နေခ နားကြားပြင်း ကပ်သွားသည်။

'အေး မကြားဖူးရင် လာ၊ ငါ လက်တွေ့လုပ်ပြမယ်'

နေထွန်းက ပြောပြောဆိုဆို ကျော်နေခ၏ Laptop ကို သူ့ဘက် ဆွဲလှည့်ကာ ဖိုးခနဲ ဖက်ခနဲဖြင့် တတောက်တောက် ဖွင့်သည်။ကျင့်သားရနေသလို လက်က မမှား။ ဖူးစာရှင် ရှာပေးသည့် Page ထဲ ဝင်ကာ Member အဖြစ် ကျော်နေခ၏ Account ကို ချိတ်လိုက်သည်။ မြန်လွန်းလှသည်။ Accept ဟူသော Notification ကို လက်ခံရသည်။ ကိုမျိုးနောင်က ကျောက်ကျောကို ရေပက်ထားသလို ရယ်သံဖြင့် ပြောပြန်သည်။

'ဟော့ကောင်.. ကြည့်လုပ်ဦးနော်။ ဒီကောင် ငထွန်းလို B6 12 ကင်မရာ စာ မိနေဦးမယ်။ ဟား ဟား ဟား'

ငြိမ်နေသော ကိုထွန်း လှုပ်လာသည်။

'လဒတွေ... အဲဒါ မင်းတို့ကြောင့် ဖြစ်တာ၊ မင်းပြောတော့ စကီလေးဆို။ အပြေးကောင်းလို့ နို့မို့ဆို မလွယ်ဘူး'

သူသည် ထူးဆန်းသည့် စကားလုံးတွေပဲ ကြားနေရသည်။ ဒီကောင်တွေ ပြောသည့် စကားများကို ဘာတစ်ခုမှ နားမလည်။ တောကျီးကန်း မြို့ရောက်သလို ကျော်နေခ ဖြစ်နေသည်။ နေထွန်းက Page ထဲတွင် Join ထားသော မိန်းကလေး Account များကို အပေါ်အောက် ဆွဲကာ ကြည့်နေသည်။ သူ့ပုံစံက စူပါမားကတ် သစ်သီးစင်ထဲက အလှဆုံး သစ်သီးကို ရွေးယူနေသလို။

ကိုမျိုးနောင်က ရယ်ကျဲကျဲ။ အူမြူးနေကြပုံ ပေါ်သည်။

'ဟာ ... အလန်း အလန်းနော်၊ သေသွားမယ်။ ဒီမှာကြည့်.. ကျော်နေခ စကီလေးက လန်းတယ် မဟုတ်လား။ မင်းနဲ့လည်း အရွယ် သိပ်မကွာဘူး'

နေထွန်း အားရပါးရ ပြောသည်။ ပြောရင်း ကျော်နေခ ဘက်သို့ လက်တော့ကို လှည့်ပြ၏။ အမူအရာ အမျိုးမျိုး၊ ကိုယ်နေဟန် အမျိုးမျိုးနှင့် ရိုက်ထားသော မိန်းကလေးတစ်ယောက်၏ ဓာတ်ပုံများ ဖြစ်သည်။ နေထွန်း ဘာကို ဆိုသည်ကို ကျော်နေခ နားမလည်သေး။ မျက်မှောင်ကုတ်မြဲ ကုတ်လျက် ရှိနေသည်။ နေထွန်းပြောသည့် စကားလုံးအတိုင်း 'ဘာ ... ဘာလေး... စကိတ် ဟုတ်လား' ဟု ပြန်မေးမိသည်။ နေထွန်းက တုံးရန်ကော ဆိုသည့် အမိပ္ပါယ် ဖြင့် ကျော်နေခကို ကြည့်သည်။


mgyoe.com

'ဟာ ... စကီ ... စကီ ... စော်ကို ပြောတာ။ ကောင်မလေးကို ပြောတာကွာ။ ဒီမှာကြည့်၊ နာမည်လေးကိုက ခင်ပုလဲတဲ့၊ ငါ ချိတ်လိုက်ပြီနော်'

'ဟာ ... ဟေ့ ... ဟေ့'

နေထွန်းက ပြောလည်း ပြောရင်း ထိုကောင်မလေးကို ကျော်နေခအကောင့်ဖြင့် ချိတ်လိုက်၏။ နေထွန်း လက်သွက်လှသည်။ Messenger တွင် Hi ဟု ပို့လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုကောင်မလေးကလည်း Online ပေါ်ရှိနေချိန်မို့ ချက်ချင်းပင် Hi ဟု Reply ပြန်လာသည်။ ၂ မိနစ်ခန့် စကားစမြည် ပြောနေပုံရသည်။ နေထွန်းဆီက ဘာသံမှ ထွက်မလာ။ Laptop Screen ကိုသာ သဲသဲမဲမဲ ကြည့်နေ၍ ဖြစ်သည်။ နေထွန်းက ချိန်းဆိုသည့် နေရာ အချိန်နှင့် ကျော်နေခ၏ နာမည်ကို သေချာအောင် ထပ်ပြောပြလိုက်သည်။

ကောင်မလေးက စာပြန်သည်မှာ-

'တို့ကို မြင်တာနဲ့ တန်းသိအောင် စလင်းဘတ်အိတ် အနီရောင်လေး လွယ်လာခဲ့မယ်' ဟု ဖြစ်သည်။

'ကဲ... ပြီးပြီ ကျော်နေခ။ မနက်ဖြန် ယူတိုးပီးယား အပေါ်ဆုံးထပ်မှာ နေ့လယ် ၁ နာရီ'

နေထွန်းက အေးအေးဆေးဆေး ပြောသည်၊ ကိုမျိုးနောင်နှင့် ကိုထွန်းက တစ်ယောက်နှင့် တစ်ယောက် မျက်စပစ်ပြီး ခွီကြသည်။ ဘဝတူတစ်ယောက် တိုးတော့မည် ဆိုသော အဓိပ္ပါယ်နှင့်လား မသိ။ ကိုထွန်းက ကျော်နေခကို လက်ဆွဲ နှုတ်ဆက်သည်။

'ဟာ ... ငါက ဘာသွားလုပ်ရမှာလဲ။ မသွားချင်ပါဘူး'

ကျော်နေခက ငြင်းသည်။

'မသွားလို့ မရတော့ဘူး ဟေ့ကောင်။ ချိန်းပြီးနေပြီ။ ဘာဖြစ်လဲကွာ။ အတွေ့အကြုံ အသစ်ပေါ့။ သွားလိုက်ပါ'

နေထွန်းက တိုက်တွန်းသည်။ သူ ကြည့်ရသည်က ပေါ့ပေါ့ပါးပါး ရှိလှ၏။ ကျော်နေခ ဘာမျှ ထပ်မပြောမိ။ အမှန်အတိုင်း ဝန်ခံရလျှင် အသစ်အဆန်း တစ်ခုမို့ သူ သိလည်း သိချင်နေ၏။ အနည်းဆုံးတော့ သူ သည်နေ့ခေတ် အခြေအနေ ရေစီးကြောင်းကို သိထားသင့်သည်။ သူ့အငြင်းစကားက သိပ် အား


mgyoe.com

mgyoe.com SAMPLE BOOK

မပါလှသည်ကို နေထွန်းတို့ ရိပ်မိနေလား မသိ။ ဒီထက် ပိုပြီး မတိုက်တွန်းချေ။ ပြန်စဉ်းစားကြည့်တော့ သွားရမည်ကို သူ ရှက်နေပြန်သည်။ သူ အရဲစွန့်ပြီး မနက်ဖြန် သွားဖို့ ဆုံးဖြတ်လိုက်၏။ သူသာ အတွေးများဖြင့် ကျန်နေရစ်သည်။ ကိုမျိုးနောင်တို့ကတော့ အစားအသောက်များ မှာနေပြီ။ ထိုနေ့အဖို့ နေထွန်းတို့ကို နေ့လယ်စာ ကျွေးပြီးနောက် ညနေ ၃ နာရီခန့်တွင် သူ အိမ်ပြန်လာခဲ့သည်။

မနက်ဖြန် ဆိုသည်ကို ကမ္ဘာမြေပေါ် အခုမှ ရောက်ဖူးသော ကလေးငယ် တစ်ယောက်၏ စူးစမ်းမှုမျိုးဖြင့် သူ ရင်ခုန်နေသည်။ အပေါင်းတွေနှင့်သာ ခေါက်ရိုးကျိုးနေသော သူ့အတွက် မနက်ဖြန်သည် ပထမဆုံး လတ်ဆတ်လာသော ရင်ခုန်သံပင်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

'အဲဒီအဖွားကလေ အရမ်းရှေးရိုး ဆန်တာပဲ။ ဘာမှန်းလည်း မသိဘူး။ Shopping Mall တွေ ဒီလောက် ပေါနေတဲ့ ရန်ကုန်မှာ နေပြီး ဒီစတိုးဆိုင် သေးသေးလေးမှာပဲ အမြဲဝယ်နေတယ်။ သူမျှားတွေဆို ဘန်ကောက်မှာတောင် ဈေးသွားဝယ်နေတဲ့ ခေတ်ကြီးထဲမှာ အဖွားက ရေလည် ဒိတ်အောက်တယ်ကွာ'

ပုလဲပျိုစင်က ပွစိပွစိ ပြောပြီး လျှောက်သည်။ ပြောရင်း အဖွားဖြစ်သူ ဒေါ်မြသားစင်၏ လက်ကို မလွှတ်တမ်း ဆုတ်ကိုင်ထားသည်။ ဒေါ်မြသားစင်က အဖွားကြီးလေးလို ဗျစ်စိဗျစ်စိ ပြောနေသော မြေးဖြစ်သူ ပုလဲပျိုစင်ကို စောင်းငဲ့ကြည့်ရင်း တစ်ချက်ပြုံးသည်။ အဖွား၏ အပြုံးက သိပ်ကို ချစ်စနိုး ဖြစ်နေသည်။

'ငါ့မြေး ပုလဲ ... ။ ညည်းက အဖွားကြီးလား၊ ကျုပ်က အဖွားကြီးလား။ ဘေးကနေ ဗျစ်တောက် ဗျစ်တောက်နဲ့ ငါ အဖွားကြီးထက်တောင် ညည်းလေးက ဆိုးနေပါလား'

ဒါက ချစ်၍ ပြောသော စကားမှန်း လူတိုင်း နားလည်သည်။ ပုလဲပျိုစင်



mgyoe.com

mgyoe.com SAMPLE BOOK

ကလည်း မလျှော့၊ ဆက်ပြောသည်။

'ဟုတ်တယ်လေ၊ သမီး ပြောတာ မမှန်လို့လား'

'သြော် ... အဖွားက အသက်ကြီးပြီလေ ငါ့မြေးရယ်။ shopping mall က စက်လှေကားတွေလည်း မတက်ချင်ဘူး။ တစ်ခါတစ်ခါ အထဲရောက်ဖို့ အရေး ကားပါကင်က တစ်မျှော်တစ်ခေါ်နဲ့ အလကား ပင်ပန်းတယ်။ ဟော ... ဒီစတိုးဆိုင်ဆို လမ်းဘေးကား ရပ်၊ ဝင်လိုက် တန်းပြီး ရောက်သွားရော၊ အဖွားက အသက်ကြီးပါပြီ ပုလဲရယ်၊ ဒိတ်အောက်တာတွေ ဘာတွေ မလိုတော့ပါဘူး။ ပြီးတော့ ဒီစတိုးဆိုင်က အဖွား ငယ်ငယ်ကတည်းက ဝယ်နေကျဆိုင်၊ ပစ္စည်း မှန်တယ်။ ဈေးချိုတယ်'

ရှည်ရှည်လျားလျား အဖွား၏ အပြောကိုလည်း ပုလဲပျိုစင် မကျေနပ်သေး။ ကြောင်းကျိုး ဆီလျော်နေသော အဖွား၏ စကားကိုလည်း တွန်းကန်ရန် အင်အား မရှိခြင်းကြောင့်-

'ဟွန်း ... ပြီးရော၊ အဖွားကို မနိုင်ချက်က နိုင်းကျော်တယ် သိလား'

ပုလဲပျိုစင်က အဖွားဖြစ်သူ နားမလည်နိုင်သော ခေတ်စကားကို ပြောပြီး အနိုင်ပိုင်းသည်။ ပြီးတော့ စူပွပွ အလိုမကျသည့် မျက်နှာလေးဖြင့် စတိုးဆိုင်ထဲက ပစ္စည်းတွေကို စိတ်မပါ လက်မပါ လျှောက်ကြည့်၏။ Shopping Mall မဟုတ်သော်လည်း စတိုးဆိုင်က မသေးလှ။ ပစ္စည်းတွေကို ရောမထားဘဲ ကောင်တာ တစ်ခုချင်းစီအလိုက် ခွဲထားသည်။ ကွန်ပျူတာနှင့် ပိုက်ဆံ မရှင်းရလျှင်၊ ကိုယ် ကြိုက်တာကို ကိုယ့်စိတ်ကြိုက် မယူရလျှင်၊ မကြည့်ရလျှင် ခေတ်လူငယ်မို့ အလိုမကျ။ ကိုယ် ကြည့်ချင်သည့် ပစ္စည်းကို အရောင်းစာရေးမလေးဆီက တစ်ဆင့်တောင်းယူ ပြခိုင်းနေရခြင်းကို ပုလဲပျိုစင်က မနှစ်သက်။ အားနာစိတ်လည်း ပါမည်ထင်သည်။

လျှောက်ရင်း လက်ကိုင်အိတ် ရောင်းသည့် ကောင်တာ ရှေ့သို့ ရောက်လာ၏။ အရောင်းဝန်ထမ်း မိန်းကလေးက ပုလဲပျိုစင်တို့ မြေးအဖွားကို ခပ်လှမ်းလှမ်းကတည်းက မြင်ပုံရသည်။ အပြုံးကို ကြိုဖွင့်ထား၏။ ပါးချိုင့်လေးနှင့် ပြုံးသည်မို့ ပိုပြီး နှစ်လိုဖွယ် ကောင်းနေသည်။ သူ့ကောင်တာနား ရောက်သည်နှင့် ဖော်ဖော်ရွေရွေ နှုတ်ဆက်သည်။

'အန်တီ မလာတာတောင် ကြာပြီနော်၊ US က အိတ်အသစ်တွေ


mgyoe.com

ရောက်လို့ အရောင်လှတာလေးတွေ ချန်ထားတယ်။ ကြည့်မလား အန်တီ'

ဒေါ်မြသားစင်က အရောင်ဝန်ထမ်း မိန်းကလေးကို ပြုံးကာ ကြည့်၏။

'ဟုတ်လား၊ ကြည့်တာပေါ့ သမီးရယ်။ ပြလေ'

ဒေါ်မြသားစင်ဆီက ပြောရသည်နှင့် အိတ်လေးတွေကို ထုတ်ပြဖို့ မှန်ဗီရိုကို သော့လှပ်သည်။ ပုလဲပျိုစင်က ထိုအိတ်တွေကို အထင်သေးဟန်ဖြင့် သေသေချာချာပင် မကြည့်ဘဲ တစ်ချက်သာ စောင်းငဲ့ကြည့်ပြီး တခြားဘက်ကို ငေးနေ၏။ အရောင်းဝန်ထမ်း မိန်းကလေးက ဗီရိုထဲမှ သက်သက် ဖယ်ထားသော လက်ကိုင်အိတ် ၃ လုံးကို ထုတ်ပြသည်။

'ဒီမှာပါ အန်တီ၊ အရောင်လေးတွေ ကြိုက်မကြိုက်တော့ မသိဘူး'

အထင်သေးသော်လည်း မိန်းကလေးပီပီ စပ်စုလိုသော စိတ်ကြောင့် ပုလဲပျိုစင်လည်း မသိမသာ ငဲ့ကြည့်လိုက်၏။ မြင်တော့ မျက်လုံးပြူးရင်း အံ့သြသွားသည်။ ပါးစပ်ကို ဟကာ ရင်ဘတ်ဖိသည်။ အိတ်လေးတွေက ဒီဇိုင်း လှရုံသာမက အရောင်လေးတွေကပါ စိုပြီးတောက်နေ၏။ သူ့အတွေး လွဲသွားသည်ကို သိရသည်။ ခရေစီ ကာလာအနီရောင် လက်ကိုင်အိတ်လေးကို ပုလဲပျိုစင် သဘောကျသွားသည်။ မျက်လုံးတလက်လက်ဖြင့် အိတ်လေးကို တို့ထိကြည့်သည်။ သားရေသားက နူးညံ့မွတ်ထွတ်နေ၏။

'အိတ်လေးတွေက သိလှတာပဲ အဖွား၊ သမီး ... အိတ်အနီလေး လိုချင်တယ်'

ဒေါ်မြသားစင်က စောင့်ငဲ့ကြည့်ပြန်၏။ အမျိုးမျိုး စိတ်ပြောင်းတတ်သော မြေးကို ခွင့်လွှတ်နားလည်စွာ ပြုံးသည်။

'ဟင်..စောစောက မြေးပဲ အဖွားကို ရှေးရိုးဆန်သလေး ဘာလေးနဲ့ ပြောနေပြီးတော့ အခု ဘယ်လို ဖြစ်ရတာလဲ'

'ဟင်း ဟင်း အိတ်လေးက လှလို့ အဖွားရဲ့။ ပုလဲ ယူမယ်နော်'

ဒေါ်မြသားစင်က မြေး၏ တဇွတ်ထိုးစိတ်ကို နားလည်သည်။ လိုချင်မိလျှင် လျှပ်စီးလက်သည်ကိုလည်း မြင်ခဲ့ဖူးပြီ။ မလိုချင်တော့လျှင် အနမြောမရှိ ပစ်တတ်သည်ကိုလည်း သိခဲ့ဖူးသည်။

'ဟော ... လုပ်ပြီ။ ပုလဲတို့ကတော့ လိုချင်ပြီဆို ဇွတ်တရွတ်ပါလား။ အိမ်မှာ လက်ကိုင်အိတ်တွေ ဒီလောက်အများကြီး၊ လွယ်တာလည်း မဟုတ်



mgyoe.com

mgyoe.com

ဘူး။ အလကား ပစ်ထားပြီးတော့ ...'

'ဟင် ... ဘယ်မှာ ပစ်ထားလို့လဲ အဖွားကလဲ၊ တစ်လှည့်စီ လွယ်ပါတယ်။ အဖွားကလည်း သမီး လိုချင်လို့ပါ။ ဝယ်ပေးနော်။ ဘာလဲ အဖွားက ကပ်စေးနဲတာလား'

'ပိုက်ဆံ ကုန်မှာစိုးလို့ မဟုတ်ဘူး ငါ့မြေးရဲ့။ ပိုက်ဆံဆိုတာ အသုံးနဲ့ အဖြုန်း ခွဲခြားတတ်ရတယ်။ ပိုက်ဆံကို ကိုယ်က ခင်မှ ပိုက်ဆံကလည်း ကိုယ့်ကို ခင်တာ။ မလိုအပ်ဘဲ လျှောက်သုံးနေရင် စည်းကမ်းမရှိတဲ့ မိန်းကလေး ဖြစ်သွားမယ်'

ပုလဲပျိုစင် စိတ်ညစ်သွားသည်။ ၁၉ ရာစု ဆုံးမစကားဖြစ်သော ထိုစကားမျိုးတွေကိုလည်း နားမဝင်။ ကြားရဖန်များသဖြင့် အလွတ်ရနေပြီ။ လမ်းရိုးအတိုင်း ပူဆာလျှင် မဝယ်ပေးဖို့က များသည်။ သူကလည်း ဒီအိတ်မှ ဒီအိတ် တမ်းတမ်းစွဲ လိုချင်နေပြီ။ အကြံရ ခက်သွားသည်။

ဘယ်လို တစ်ပတ်ရိုက်ပြီး ယူရင် ကောင်းမလဲ စဉ်းစား၏။ ညာဏ်နီ ညာဏ်နက် ညာဏ်ရောင်စုံ ထုတ်သည်။ အဖွားကို တစ်ချက်ကြည့်သည်။ အဖွားကတော့ သူ့စကားကို မြေး နားဝင်ပြီဟု ထင်နေသည်။ စဉ်းစားရင်း ကောင်တာပေါ် အကြည့်ရောက်ပြန်သည်။ အနီရောင် စလင်းဘတ်လေးက မျက်စပစ်ပြနေ၏။ ထိုအိတ်လေး မရဘဲ အိမ်မပြန်ဘူးဟု စိတ်ထဲမှ သန္နိဋ္ဌာန် ချလိုက်သည်။

'နားလည်လား ငါ့မြေး'

အဖွားက သူ့စကားကို နိဂုံးချုပ်သည်။ ငြိမ်နေသော ပုလဲပျိုစင်ကို စိတ်ချသွားပုံ ရသည်။ အဖွားပုံစံ ဟ အေးအေးဆေးဆေး ဖြစ်သွားသည်။ ပုလဲပျိုစင် လေသံကို ထိန်းရင်း ပေါ့ပေါ့ပါးပါး ပြောသည်။

'ကဲ ... အဖွားရယ်။ သမီး မယူတော့ဘူး ဟုတ်ပြီလား။ ဒီမြေးကို ပြောဆိုဆုံးမရတာနဲ့ ငါ့အဖွား မောမယ်။ ဟူး...။ ကဲ ... သမီး အဖွားကိုပဲ ရွေးပေးတော့မယ်နော်'

'ဟင်အင်း၊ အဖွားလည်း မယူတော့ဘူးနော်။ သမီးရေ အိတ်လေးတွေ ပြန်သိမ်းလိုက်ပါကွယ်'

ပုလဲပျိုစင် စိတ်ကူးလွဲသွားသည်။ အိတ်တွေ မှန်ဗီရိုထဲ ပြန်ဝင်လို့ လုံးဝမဖြစ်။


mgyoe.com

mgyoe.com SAMPLE BOOK

'မဟုတ်တာ အဖွားကလည်း ယူတာ မယူတာထား။ လွယ်ကြည့် ပါဦး။
ဒေါ်မြသားစင် ဘာမှ မပြောနိုင်။

'ရော့ ရော့ ... ဒီအိတ်လေး လွယ်ကြည့်စမ်း အဖွား'

ပုလဲပျိုစင်က ပြောပြောဆိုဆိုနှင့် ခဲရောင်အိတ်လေးကို ယူပြီး အဖွားဖြစ်သူ၏ ပုခုံးပေါ် လွယ်ပေး၏။ အရောင် စာရေးမလေးကလည်း မြေးအဖွားတိုက်ပွဲ အဆုံးသတ်သွားပြီဟု ထင်နေပုံ ရသည်။ ပေ့ါပါးသွားပုံနှင့် သက်ပြင်းချသည်။

အိတ်က အဖွားပခုံးပေါ်တွင် ၅ စက္ကန့်တောင် မပြည့်။ ခပ်မြန်မြန် ဆွဲချွတ်ပြီး-

'ဟင်.. သိပ်မလှဘူး အဖွား။ ဒီ မရမ်းရောင်လေး ဆိုရင်ရော ...'

ပုလဲပျိုစင်က ပြောလည်းပြော၊ လက်သွက်သွက်ဖြင့် မရမ်းရောင်အိတ်လေးကို ပြောင်းလွယ်ပေး ပြန်၏။ ရှေ့တိုး နောက်ဆုတ် လုပ်ကာ ကြည့်ချင်ဟန် ဆောင်သည်။ ဒေါ်မြသားစင်က မြေး၏ သွက်လက်မှုကို မမီ။ ဘာမှ ပြောချိန်မရ။ လုပြီး ပြောရှာသည်။

'ပုလဲရယ်၊ ဖွား ဘာသာ ရွေးပါ့မယ်။ ဝယ်ချင်မှလည်း ဝယ်မှာပါ'

ဒေါ်မြသားစင်က လေပျော့ကလေးဖြင့် ပြောသည်။

'ဟာ ... အဖွားကလည်း လိုက်မလိုက်က တခြားတစ်ယောက် ကြည့်ပေးမှ ပိုကောင်းတာ။ ဘာလဲ မရမ်းရောင် မကြိုက်ဘူး မဟုတ်လား။ ရော့ ... ဒီအနီလေး ဆိုရင်ရော၊ ရဲနေတာပဲ'

ပုလဲက ပြောပြီး အနီရောင်အိတ်လေးကို အဖွားဖြစ်သူ၏ ပခုံးပေါ် တင်ပေးလိုက်ပြန်လိုက်သည်။ ပုလဲပျိုစင်၏ လှည့်ကွက် စပြီ။ အနီရောင်အိတ် ပခုံးပေါ် ရောက်သည်နှင့် ဒေါ်မြသားစင်က ပခုံးပေါ် အိမ်မြှောင်ပြုတ်ကျသလို ခပ်မြန်မြန် ဆွဲဖယ်ပစ်သည်။

'ဟား အဖွားကြီးက ဘယ်နှယ့် အနီရောင်အိတ်ကြီး လွယ်ရမှာလဲ။ ဒီဇိုင်းကလည်း ကလေးကလားနဲ့။ မလွယ်ချင်ပါဘူး'

ပုလဲပျိုစင် သဘောကျသွားသည်။ ရယ်ချင်စိတ်ကို သွားစေ့ပြီး ဖုံးနေရသည်။

'ဟင်း ဟင်း ... ပုလဲ အဖွားကလေ သိပ်ကို ချေးများတာပဲကိုး။


mgyoe.com

mgyoe.com

ဒီလောက်လှတဲ့ အိတ်လေးတွေကို မကြိုက်ဘူးတဲ့'

ပုလဲက ပြောပြီး အဖွားနှင့် ဘေးချင်းယှဉ်ရပ်လျက်မှ မျက်နှာချင်းဆိုင်သို့ ပြောင်းသည်။ အဖွားကို ရယ်မောပြီး ဖက်လိုက်ရင်းနှင့် အဖွားဖြစ်သူ ပခုံးမှ အိတ်ကို သူ့ ပခုံးဆီသို့ အသာလေး ပြောင်းယူလိုက်၏။

'ကဲ ... ပုလဲ မရွေးပေးတော့ဘူး။ အဖွားဘာသာ ကြိုက်တာ ရွေးတော့။ ပုလဲလည်း သင်တန်းချိန် နီးနေလို့ သွားတော့မယ်'

ပုလဲပျိုစင်က ချိန်ကိုက်ဗုံး ပေါက်ကွဲခါနီးမှ ထွက်လာရသလို အိတ်အနီရောင်လေးကို လွယ်လျက် ဆိုင်ထဲမှ ပြေးထွက်လာခဲ့၏။ ဒေါ်မြသားစင်ဘာမှ ပြောချိန်မရ။ ဒီတော့ အရောင်းဝန်ထမ်း မိန်းကလေးက မျက်ကလူးဆန်ပျာ ဖြစ်သွားသည်။

'အန်တီ ... အန်တီ မြေးလေးက အိတ်အနီလေး သူ့ပခုံးမှာ လွယ်ပြီး ယူသွားတယ်' ဟု အထိတ်တလန့် ပြော၏။ ထိုအခါမှ ဒေါ်မြသားစင်လည်း ပခုံးပေါ်ကို ယောင်ယမ်းစမ်းသည်။ မတွေ့တော့မှ မြေးကို လှမ်းကြည့်၏။

'ဟုတ်သားပဲ။ ဩော် ... ဒီကောင်မလေး ငါ့ကို တပတ်ရိုက်သွားပြန်ပြီ'

ဒေါ်မြသားစင်က ပြုံးချင်ချင် မျက်နှာဖြင့် ချစ်စနိုး ညည်းညူ၏။ စိတ်ရင်းအတိုင်းဆိုလျှင် မြေးဖြစ်သူ လွတ်လွတ်လပ်လပ် ပျော်နေသည်ကိုပင် ဒေါ်မြသားစင် စိတ်ထဲ ကျေနပ်နေသည်။

ပုလဲပျိုစင်က ငယ်စဉ်ကတည်းက မိဘတွေ မရှိတော့ချေ။ တစ်ဦးတည်းသော အဖွား ဒေါ်မြသားစင် လက်ပေါ်မှာတင် ကြီးပြင်းခဲ့ရသည်။ အဖွားဆိုသော်လည်း ဒေါ်မြသားစင် အတွက်တော့ သမီးလေးလိုပင် ဖြစ်သည်။ ဒေါ်မြသားစင်သာ ဥယျာဉ်မှူးဆိုလျှင် ပုလဲပျိုစင်သည် ဒေါ်မြသားစင်က တယုတယ ပျိုးထားသော နှင်းဆီပင်လေးတစ်ပင် ဖြစ်သည်။

တဖြည်းဖြည်း ကြီးလာသော သူ့အသက်အရွယ်ကြောင့် ဒေါ်မြသားစင်က မြေးအတွက် စိုးရိမ်ပူပန်မိသည်။ ဒေါ်မြသားစင်တွင် နှလုံးရောဂါရှိသည်။ တနည်းအားဖြင့် သူ့တွင် အစွန်းရောက် စိတ်ခံစားမှုများနှင့် ဓာတ်မတည့်သောရောဂါ ရှိသည်။ နှလုံးရောဂါ ဆိုသည်က လွန်လွန်ကျူးကျူး ဝမ်းသာဝမ်းနည်း ဖြစ်၍ မရသည့် ထူးဆန်းသည့် ရောဂါပင်။ လူ့ဘဝကား မဆုံးမချင်း နာကျင်ရခြင်းတွေ၊ ဝမ်းနည်းရခြင်းတွေနှင့် အစွန်းရောက် ပျော်စရာ


mgyoe.com

ခံစားမှုများလည်း ရှိနေနိုင်သေးသည် မဟုတ်လား။

ထိုဒဏ်ကို မခံနိုင်သော နှလုံးသားတစ်စုံက သူ့ရင်ဘတ်ထဲ ခိုအောင်းနေသည်။ ဘာကိုမှု ဒေါ်မြသားစင်အဖို့ အစိုးမရ။ တစ်ခါတစ်ရံ နှလုံးရောဂါရှိသော ဒေါ်မြသားစင်က မတော်တဆ မျက်လုံးနှစ်လုံး မှိတ်သွားခဲ့လျှင် ထိုမြေးမလေးကို မည်သို့ စိတ်ချလက်ချ ထားခဲ့ရမည်လဲဟု တွေးမိသည်။ ထိုအချိန်တိုင်း ရင်ခေါင်းထဲ မီးဖိုတစ်ဖို ဖိုလိုက်သလို ပူလောင်သွားသည်။ ထို့ကြောင့်လည်း ဒေါ်မြသားစင်က ပုလဲပျိုစင်ကို နေရာတကာ ဟန့်တား သွန်သင်နေမိတာပင်။

သူ့တွင် ရှိသမျှ စည်းစိမ်ဉစ္စာသည် ထိုမြေးမလေးကို စိန်စီပြီးတောင် ထားနိုင်သည့် အနေအထား ဖြစ်သည်။ သို့သော် မြေးလေးတွင် ကိုယ်ပိုင်ဆင်ခြင်တုံတရား မရှိလျှင် ထိုစည်းစိမ်တွေက သူ့အတွက် အန္တရာယ်ပင် ဖြစ်သွားနိုင်သည်ဟုလည်း တွေးမိသည်။

ဟင်း ... အနာဂတ်ကို တွေးပူရသည့် ဒုက္ခနှင့် နှောင်တွယ်မိသည့် သံယောဇဉ်ကြိုးထုံး တစ်ခု၏ ရစ်ပတ်မှုများသည် ဘယ်တော့များမှ ငြိမ်းအေးမှာပါလိမ့်။

❑



mgyoe.com

m g y o e . . c o m



m g y o e . c o m

mgyoe.com SAMPLE BOOK

"ဒုက္ခရာ အနာတရတွေကို ဖွတ်မေ့ပြီး
ဘဝကို စိတ်ပါလက်ပါ ဟန်ဆောင်ဖြတ်သန်းနေတဲ့
ဟောဒီ ကောင်မလေးမှာလည်း
လူမသိ သူမသိ ငိုသံတွေနဲ့ အထီးကျန်ခြင်းတွေ
ရှိတာပေါ့ ကိုကိုရယ်"
(ပုလဲပျိုစင်)

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

နေ့လယ်ခင်းမို့ ဆိုင်ထဲတွင် လူရှင်းနေ၏။ ယူတိုးပီးယားတာဝါဟု ခေါ်သော ကျောက်တုံးမျှော်စင်သည် အရင်ကတော့ နာမည်ကြီး နေရာတစ်ခု ဖြစ်သော်လည်း ရန်ကုန်မြို့တွင် အသစ်အသစ်ဆိုင်များ၊ Shopping Center များ ပေါ်လာပြီးသည့်နောက် လူအလာ အတော်ကျဲသွားသည်။ သို့သော် တိတ်တိတ်ဆိတ်ဆိတ် ထိုင်ပြီး အပန်းဖြေချင်သူများအတွက် ထိုနေရာလေး သည် ဘယ်တော့မှ ရိုးအီမသွားပါချေ။ ထိုင်ရသည်ကို ငြီးငွေ့လာလျှင် ကန်တော်ကြီးထဲတွင် အေးရာအေးကြောင်း လမ်းလျှောက်ရင်း လေညှင်းခံ၍ ရသေးသည်။ ပုလဲပျိုစင်ကတော့ ထိုနေရာလေးကို သဘောကျသည်။

ပုလဲပျိုစင်က စားပွဲပေါ်တွင် ချထားသော လက်တေးကော်ဖီခွက်ကို ယူပြီး ရှူးခနဲ အသံထွက်အောင် သောက်သည်။ ပါးစပ်ကို ကျယ်နိုင်သမျှ ကျယ်ကျယ်ဟပြီး ဟမ်ဘာဂါကို တစ်ကိုက် ကိုက်ပြန်သည်။ စားနေရင်း မျက်လုံးအကြည့်က စားပွဲပေါ် တင်ထားသော စလင်းဘတ်အိတ် အနီလေးဆီ ရောက်သွားသည်။ ပီတိဖြစ်စွာ ပြုံးပြီး အိတ်လေးကို တစ်ချက်ပွတ်သပ်လိုက်လေသည်။ အိတ်တွင် ဟမ်ဘာဂါ ပေါင်မုန့် အမှုန်များ ကပ်သွားသည်။ တစ်ရှူးဖြင့် ခပ်မြန်



mgyoe.com

mgyoe.com SAMPLE BOOK
မြန် ပြန်ခါ၏။ လိုချင်သည်ကို ချက်ချင်းရခဲ့ခြင်းကြောင့် ပုလဲပျိုစင် တစ်ကိုယ်လုံး အပျော်လှိုင်းတို့ တအိအိ ပြုဆင်း နေသည်။ ထိုပီတိကို တစ်စုံတစ်ယောက်အား ပါးစပ်တစ်လုံးဖြင့် ပြောပြချင်သည်။ ရှေ့တွင် သပြေနီပင်နှင့် ယုဇနပင်ကို တွေ့သည်။ ငယ်ငယ်က အကျင့်အတိုင်း ပုလဲပျိုစင်က ယုဇနပန်းပင်နှင့် သပြေပင်လေးများကို သက်ရှိတစ်ယောက်လို ကြည့်သည်။

'တွေ့လား ယုဇနပင်လေးရေ၊ ငါ ဘယ်လောက်ပိုင်လဲ ဆိုတာ။ ငါ့အဖွားကို လူလည်ကျပြီး ယူလာတာလေ။ ဒီမှာကြည့်စမ်း အိတ်လေး မလှဘူးလား'

ပုလဲပျိုစင်က ကလေးတစ်ယောက်လို ခပ်ကြွားကြွား လေသံဖြင့် မြူးတူးစွာ ပြောသည်။ သူငယ်ချင်းကို ပြောနေသလို စိတ်ထဲမှတ်ရ၏။ ပြန်ပြောသည့် အသံကို နားစွင့်သလို ခဏနားပြီး-

'ဘာ ... လှတယ် ... ဟုတ်လား ။ ဒါဆို နင် ကြိုက်တယ်ပေါ့ ဟုတ်လား သပြေပင်လေး။ ယုဇန ... နင်က ဘာလို့ ပြန်မဖြေတာလဲ။ ဘယ်လို ... နင်က အဖြူရောင်ပဲ ကြိုက်တယ် ဟုတ်လား။ အေးပေါ့လေ ... နင်က အဖြူရောင်ပန်းတွေ ပွင့်နိုင်တဲ့ အစွမ်းရှိတော့ နင်က အဖြူရောင်ပဲ ကြိုက်မှာပေါ့။ ဟွန်း ... နင် မနာလို ဖြစ်နေတာ မဟုတ်လား။ ဒီမှာ ဘာမှ လာမပြောနဲ့။ ဟောဒီကမ္ဘာပေါ်မှာ ငါ့အိတ် အနီလေးက အလှဆုံးပဲ ဟား ဟား'

ပုလဲပျိုစင်က အလိုမကျသည့်အခါ မျက်မှောင်ကုတ်သည်။ နှုတ်ခမ်းမဲ့သည်။ သဘောကျသည့်အခါ ပြုံးလိုက် ရယ်လိုက်ဖြင့် ပြောနေဟန်က သူငယ်ချင်းများနှင့် စကားလက်ဆုံကျနေသလိုပင်။ ပတ်ဝန်းကျင်ကို သူ လုံးဝ သတိမရ။

ကျောအနောက်ဘက်ဆီမှ အသံစူးစူးလေး တစ်သံကို ကြားနေရသည်။ ဘယ်ကလဲဟု ကျော်နေခ နားစွင့်မိသည်။ စားပွဲဝိုင်းတွင် စကားပြောနေကြလျှင် တခြားအသံများကိုပါ ကြားရမည်။ ထူးထူးခြားခြား အသံတစ်သံပဲ ကြားရသည်။ ပြောစကားများက အပြန်အလှန် ဖြစ်သည်။ အသံကတော့ တစ်သံတည်း။ ဖုန်းပြောနေတာများလားဟု ကျော်နေခ စိတ်ထဲ ထင်မိသည်။ လှည့်ကြည့်လိုက်ချင်သည်။ ကောင်းပါ့မလားဟု ဆင်ခြင်နေရ၏။ လှည့်ကြည့်ချင်စိတ်က ပိုးကောင်တွေလို ကျော်နေခ တကိုယ်လုံး ပျံ့နေ၏။ ဖြစ်ချင်ရာဖြစ် လှည့်ကြည့်လိုက်မယ်ဟု စိတ်တင်းကြည့်သည်။ ခေါင်းကို


mgyoe.com

mgyoe.com SAMPLE BOOK

လှည့်ပြီး တစ်ဝက်တပျက်မှာပင် သူ သတ္တိနည်းရပြန်သည်။

'အိမ်ပြန်ရောက်ရင်တော့ ငါ့အဖွား ငါ့ကို ဆော်ပလော်တီးမလား မသိဘူးနော် သပြေ။ ဟုတ်တယ် ဟုတ်တယ် အဖွားက ငါ့ကိုတော့ သိပ်ချစ်တယ်၊ နင် ပြောတာ မှန်တယ် ယုဇနရေ'

သူ မနေနိုင်တော့။ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ့ကို ကျောခိုင်းလျက် ထိုင်နေသော မိန်းကလေးတစ်ယောက်၏ နောက်ကျောပြင်ကို တွေ့ရ၏။ ရွှေအိုရောင် အခွေအလိပ် ဆံချည်မျှင်တို့က ကျောပြင်ပေါ် နွဲ့နွဲ့လေး ကျနေသည်။

အပေါ်ပိုင်းက ကျပ်ပြီး ခြေသလုံးနားတွင် ခေါင်းလောင်းကဲ့သို့ ကားသွားသော ဂျင်းပျော့သား ဘောင်းဘီရှည်နှင့် ချည်သားလက်ပြတ် အဖြူရောင် အင်္ကျီခါးတိုလေးကို ဝတ်ထား၏။ အင်္ကျီနှင့် ဘောင်းဘီကြား ခါးနေရာက လက်သုံးလုံးခန့် လွတ်နေသည်ကို မြင်သည်။ အသားက ဖွေးကာ ဝါနှစ်နေ၏။ ကျော်နေခ မျက်နှာ ဖျန်းခနဲ ပူသွားရင်းက ရှေ့သို့ ခပ်မြန်မြန် ပြန်လှည့် ထိုင်လိုက်၏။ ကောင်မလေး၏ စကားသံကတော့ ကြားနေရသည်။

ပုလဲပျိုစင်က ကော်ဖီကို တစ်ကျိုက် မော့သောက်လိုက်သည်။ နှုတ်ခမ်းတဝိုက် ပေသွားသော နို့တွေကို တစ်ရှုးဖြင့် မသုတ်၊ လျှာဖြင့်သာ သပ်သည်။ ပုလဲပျိုစင်က သူသူငယ်ချင်း အပေါင်နှင့် စကားဆက်ပြောသည်။

'ဟဲ့ ... အခုလောက်ဆို ငါ့အဖွား ဘယ်လို ဖြစ်နေပြီလဲ၊ နင်တို့ ခန့်မှန်းကြည့်ပါလား။ ယုဇနက အရင်ပြော'ဟု ပုလဲပျိုစင်က တကယ်ပင် စိတ်ပူသံလေးဖြင့် မေး၏။

'ဘယ်လို ... ဟဲ့ နင့်အသံက တိုးတိုးလေးပဲ ကြားရတယ်။ ကျယ်ကျယ်ပြောဟာ ...'

ပုလဲပျိုစင်က တကယ်ပင် အပေါင်လေး၏ အသံကို နားစွင့်နေသကဲ့သို့ ကိုယ်ကို ရှေ့သို့ ကိုင်းကာ အာရုံစူးစိုက်ထား၏။

'ဟား ဟား ဟား ... ဟုတ်တယ် ဟုတ်တယ်၊ အဖွား ခုလောက်ဆို ငါ့ကို ကောင်းကောင်း ကြိမ်းနေလောက်ပြီ။ ဒီလိုပုံကြီးနဲ့လေ၊ နေဦး... ဒီကောင်မလေး လာပစေဦး ငါနဲ့ တွေ့မယ် ဟင်း ... ဟင်း'

ပုလဲပျိုစင်က အဖွား၏ အမူအရာအတိုင်း အသံကို တုန်ကာ ပြော


mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ပြီး တဟားဟားနှင့် အော်ရယ်နေ၏။ ကျော်နေခ ပြုံးချင်ချင် ဖြစ်သွား သည်။

'ဘာလဲ ... သပြေ၊ အင်း ... နင် ပြောတာလည်း ဟုတ်တာပဲ သပြေ ပင်လေးရေ၊ ငါ့ အဖွားက ငါ့ကို သိပ်ချစ်တာဟ၊ ဟိ ... သနားပါတယ်နော်။ ညနေကျမှ ငါ့အဖွား ကြိုက်တတ်တဲ့ မြိတ်ကိုက်ကြေးကိုက်တစ်ပွဲ ဝယ်သွားပြီး ပြန်ချော့လိုက်ပါ့မယ်'

'အေးပါဟယ် ... ငါ သိပါတယ်။ ငါ အိမ်မှာ နေပါ့မယ်။ ဒါပေမဲ့ဟာ.. ငါက တစ်သက်လုံး တစ်ယောက်တည်း နေလာရတာဟ။ အဖော်မရှိ ဘာမရှိနဲ့ ဒါကြောင့်လည်း နင်တို့လို အပင်လေးတွေနဲ့ စကားပြောဖြစ်နေတာပေါ့'

ကျော်နေခ အံ့သြသွားသည်။ ချာခနဲ တစ်ချက် လှည့်ကြည့်မိပြန်သည်။ သည်အခါတော့ ရှင်းရှင်းမြင်ရအောင် ခေါင်းတင်မက ကိုယ်ပါ လှည့်ကြည့်မိ၏။ ပုလဲပျိုစင်က ပြောပြီး ပြောင်စပ်စပ် မျက်နှာလေးဖြင့် တစ်ယောက်ထဲ သဘော ကျစွာ ရယ်နေသည်။

'နေဦးဟာ ငါ ဗိုက်မဝသေးလို့ ကိတ်မုန့်တစ်ခု ထပ်မှာလိုက်ဦးမယ်။ နင်တို့ရော ဘာစားဦးမလဲ။ အေး အေး ဒါဆိုလည်း ပြီးရော'

ပုလဲပျိုစင်က စားပွဲထိုးလေးကို ခေါ်ကာ ကိတ်မုန့်တစ်ခု ထပ်မှာ၏။ တစ်ယောက်တည်း စကားတွေပြော၊ တစ်ယောက်တည်း စားနေသော ကောင် မလေးကို ကျော်နေခ အသည်းယားသွားသည်။ ကလေးဟု ထင်ရအောင် လည်း ကောင်မလေးက အစွမ်းကုန် ပွင့်နေသော နှင်းဆီပန်းလေးနှင့် တူနေ သေးသည်။

ထူးထူးခြားခြား အပင်လေးတွေနှင့် စကားပြောနေသော ထိုကောင် မလေးကို ကျော်နေခ စိတ်ထဲ သိပ်သဘောကျသွားမိသည်။ အမြဲလို စေ့ထား သော သူ့နှုတ်ခမ်းများက ထိုကောင်မလေးနှင့်မှ အမြဲပြုံးချင်နေသည်။ ထို စိတ်ကြောင့်ပင် သူက နောက်ဖက်သို့ လှည့်ကြည့်လိုက်ပြန်သည်။ ထိုတစ်ကြိမ် တွင်တော့ စားပွဲပေါ်တွင် တင်ထားသော အိတ်အနီရောင်လေးကို သူ သတိ ထားမိသွား၏။

'ဟင်'

ဓာတ်ပုံထဲက မိန်းကလေးနှင့် တူရဲ့လားဟု သူ ပြန်စဉ်းစားမိသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သူ့စိတ်ထဲ ဝေဝေဝါးဝါး။ ဓာတ်ပုံထဲက မိန်းကလေးကိုလည်း ကောင်းကောင်း မမှတ်မိချေ။ သို့သော် မနေ့က နေထွန်း ပြောလိုက်သည့် အိတ်အနီလေး လွယ်လာမည်။ သူ့စကားက သူ့မှတ်ဉာဏ်တွင် စွဲနေ၏။

'ဟာ ... ဒါဆို'

သူ့စိတ်ထဲ ချိတုံချတုံ ဖြစ်နေမိသေးသည်။ အပင်တွေနှင့် စကားပြော တတ်သော ကောင်မလေးဆီသို့ သူ သိပ်ကို သွားချင်နေပြီ။ ထိုဆန္ဒက သူ့ကို တွန်းထုတ်နေ၏။ ကျော်နေခ ဆုံးဖြတ်လိုက်သည်။ ပုလဲပျိုစင်ရှိရာ စားပွဲသို့ သွားဖို့ မတ်တတ်ရပ်ပြီး ဖြစ်သွား၏။ ကျော်နေခက ပုလဲပျိုစင်၏ စားပွဲဝိုင်းရှေ့သို့ အရောက်တွင် တိုက်တိုက်ဆိုင်ဆိုင် စားပွဲထိုးလေးက ပုလဲ မှာထားသည့် မုန့် လာချသည်။

'ကိုယ့်နာမည် ကျော်နေခပါ'

'ဟင်'

ပုလဲပျိုစင်က မော့ကြည့်၏။ သူ့ကိုယ်သူ မိတ်ဆက်ပြီး စားပွဲရှေ့ လာရပ်သော ကျော်နေခကို အံ့သြပြီး စူးစမ်းလိုက်၏။ လူရည်သန့်သန့်နှင့် လူရွယ်တစ်ယောက်ကို မြင်ရသည်။ စိတ်ထဲ ကိစ္စတစ်ခုခု ရှိမည်အထင်ဖြင့် ပုလဲပျိုစင်က ပြန်မေးလိုက်သည်။

'သြော် ... ဟုတ်ကဲ့၊ ကျွန်မ မေးလိုက်မိလို့လားဟင်'

စားပွဲထိုးလေး ပြုံးစိစိ ဖြစ်သွား၏။ ကောင်လေးက ကိတ်မုန့်ပန်းကန် ကို ချပြီး ပြန်ထွက်သွားသည်။ ကျော်နေခက ပုလဲ၏ တုံ့ပြန် အပြောကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ အရဲစွန့်ပြီး ထပ်ပြောသည်။

'ဟို ... ကိုယ့်နာမည် ကျော်နေခပါလို့ ပြောတာပါ'

'အင်းလေ ... ကျွန်မက မေးမိလို့လားလို့ ပြန်မေးတာလေ'

ကျော်နေခ ထူပူသွားသည်။ နဖူးစပ်နားတွင် ချွေးက ချက်ချင်းစိမ့် ထွက်လာ၏။ သူ ဘာဆက်ပြောရမှန်း မသိ။ ပုလဲပျိုစင်ကမူ အူတိ အူကြောင် နှင့် ထိုလူကို ကြည့်ပြီး အကဲခတ်နေ၏။ ပြီး တစ်စုံတစ်ခုကို သဘောပေါက်သွား စွာ စိတ်ကျေနပ်သွားရင်းက-

'သြော် သိပြီ၊ ပစ္စည်းတစ်ခုခုကို ရောင်းဖို့ Promotion ဆင်းတာ ထင်တယ်။ ကျွန်မ ဘာမှ မဝယ်သေးဘူးနော်။ ဆောရီးပါ'


mgyoe.com

mgyoe.com SAMPLE BOOK

ပုလဲပျိုစင်က ပြောပြီး အကြည့်လွှဲသည်။ ကောင်မလေးက သိသိသာသာ နှင်ထုတ်လေပြီ။ ကျော်နေခက ထွက်ပဲ သွားရတော့မလိုလို၊ ထိုင်ပဲ ထိုင်ရမလိုလိုနှင့် အယောင်ယောင် အမှားမှား ဖြစ်သွားသည်။ တော်သေးသည်။ ဆိုင်ထဲတွင် လူရှင်းနေ၏။ လည်ချောင်းထဲမှ စကားလုံးတို့ကို အားတင်းကာ ညှစ်ထုတ်လိုက်သည်။

'ဟို ... အိတ် အနီလေး ... က ဘယ် ... ဘယ်လို ... ဟို'

ဝါကျမဆုံးဘဲ အထစ်ထစ် အငေါ့ငေါ့ စကားဆိုသော ထိုလူကို ပုလဲပျိုစင် ထပ်ကြည့်လိုက်၏။ ဒီလူ ဘာလိုချင်တာပါလိမ့်ဟု ဉာဏ်မီသလောက် စဉ်းစားကြည့်သည်။ အကဲခတ်မိသလောက် လူက အသက်ငယ်ငယ်ပဲ ရှိဦးမည်။ သို့သော် တောမကျ မြို့မကျ ဝတ်စားထားသည်။ ဆံပင်က ထောင်သလိုလို၊ လှဲသလိုလိုနှင့် ဘောနဲ့ မကျသလို အလည်ခွဲလည်း မကျ။ ရှပ်အင်္ကျီ slim fit မဟုတ်ဘဲ ရှိုးရှိုး ရှပ်အင်္ကျီမို့ သူ့ခန္ဓာကိုယ်ပေါ်တွင် အနည်းငယ် ပွယောင်းနေပြီး မသပ်မရပ် ဖြစ်နေ၏။ စတိုင်ဘောင်းဘီနှင့် ရှူးဖိနပ်ကတော့ မဆိုး။ အနည်းငယ် စမတ်ဖြစ်နေသည်။ မျက်လုံးများက တည်ငြိမ်ပြီး လေးနက်သိမ်မွေ့သည်။ နှုတ်ခမ်းများက အနည်းငယ် ပါးလျားသော်လည်း သူ့မျက်နှာနှင့် တော်တော်လိုက်ဖက်သည်။ ခပ်သွယ်သွယ် လက်ချောင်းတစ်ချောင်း တင်ထားသလို နှာတံက ဖြောင့်စင်းချောမွတ်နေ၏။ ဒီလူက သူ့ကိုယ်သူ ကျော်နေခပါဟု လာမိတ်ဆက်နေသည်။ ဘာကြောင့် လာမိတ်ဆက်နေမှန်း ပုလဲပျိုစင် ယခုထိ သဘောမပေါက်နိုင်သေး။ စကားမဆိုမချင်း ထွက်သွားမည့်ပုံ မရှိ၊ သူ့ဘက်က စပြီး ပြောနိုင်ဖွယ် အင်အားလည်း ရှိပုံမရ။ အကျိုးအကြောင်း မေးကြည့်ဦးမှပါဟု စဉ်းစားလျက် ဖိတ်ခေါ်လိုက်သည်။

'ကဲပါလေ ... ခဏထိုင်ပါဦး။ ရှင် ပြောချင်တာကို အေးအေးဆေးဆေး ထိုင်ပြောပါ'

ကောင်မလေးဆီမှ ထိုင်ခွင့်ပေးမှ ကျော်နေခ စိတ်သက်သာရာရသွားသည်။ ကျော်နေခက ကောင်မလေး၏ ညာဘက်ခုံတွင် ဝင်ထိုင်သည်။ ရှေ့က သပြေပင်နှင့် ယုဇနပင် ပန်းအိုးကို သတိထားလိုက်မိသည်။ ထိုင်ရင်းစောစောက သပြေရေ၊ ယုဇနရေနှင့် ကြားမိသံကို သူ ပြန်စဉ်းစားမိလျက် ဒီကောင်မလေး အပင်နှင့် စကားပြောနေသည်ကို ထပ်အတည်ပြုလိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုအတွေး ဝင်လာသည်နှင့် သူ့စိတ်ထဲ သူ နှင့် ကောင်မလေး ပိုရင်းနှီးသွားသလို ခံစားရသည်။ စကားတို့က အထစ်အငေါ့မရှိ ထွက်လာသည်။

'ဟို ... Online မှာ ကိုယ်တို့ချိန်းတော့ အိတ်အနီလေး လွယ်လာမယ် ဆိုတာလေ'

ဟော ... လုပ်ပြန်ပြီ။ သူ ပြောသည့် စကားတိုင်း ပုလဲပျိုစင် နားမလည် ဖြစ်ရသည်။ မေးနေလည်း မထူးပြီမို့ သူ့ပုံစံကို အကဲခတ်ကာ ကိုယ့်ဦးနှောက်နှင့်ကိုယ် တွေးကြည့်ဖို့ ပြင်သည်။ မျက်လုံးကို မှေးစင်းကာ စဉ်းစားနေမိ၏။ ခေတ်လူငယ်ပီပီ အခြေအနေကို ဒတ်ခနဲ ရိပ်မိလိုက်သည်။ ရိပ်မိလိုက်သည်နှင့် ရယ်ချင်သွားသည်။

'သြော် ... လက်စသတ်တော့ ဒီလူက ဖူးစားရှင် ဆုံပေးတဲ့ page ထဲကို ဆက်သွယ်ထားတဲ့ လူပဲ ဖြစ်ရမယ်'

စိတ်ထဲက ကြိတ်ရယ်သည်။ ပုလဲပျိုစင်က ချက်ချင်း အမူအရာ ပြောင်းသွားပြီး-

'သြော် ... ဟုတ် ... ဟုတ် ဆောရီးနော်၊ ရုတ်တရက်ဆိုတော့ ... ဟင်း ... ဟင်း'

ဘယ်လို ကောင်မလေးပါလိမ့်။ အသက်ငယ်ငယ်နှင့် မေ့တတ်ရန် ကောဟု သူ အထင်ရောက်သွားသည်။ ကောင်မလေးသည် ချစ်စရာ ကောင်းသည်။ ကောင်မလေးဘက်က လာရင်းကိစ္စကို သိသွားပြီမို့ ကျော်နေခ နေရထိုင်ရ ပိုပြီး ပေါ့ပါးသွားသည်။

ထိုအချိန်မှာပင် အနီရောင် စလင်းဘတ်ကို ဟန်ပါပါ လွယ်ထားသော အသက် ၃၅ အရွယ် မပိန်မဝ အမျိုးသမီးတစ်ယောက် ရောက်လာသည်။ တော်တော်လေး အသားမည်းသည်။ မည်းရုံမက အသားအရေက ခြောက်နေသည်။ အသားမည်းသော်လည်း ခေတ်ပေါ် ထိုင်းပိုး ရွှေဝါရောင် ဝမ်းဆက်ကို ဝတ်ထားသည်။ မျက်နှာကတော့ အဆိုးကြီး မဟုတ်၊ ရွက်ကြမ်းရေချိုလောက် ရှိသည်။ ကိုယ်လုံးကိုယ်ပေါက် လှသည်။ ထိုအလှကို အားကိုးပြီး ကိုယ်နှင့် အတိ အင်္ကျီကို ဝတ်ထားပုံရ၏။ တစ်ကိုယ်လုံး ကျပ်ထုပ်စည်းထားသလို ဖြစ်နေသည်။ အင်္ကျီပုံစံက လက်ဖောင်းကြီးကြီးနှင့် ကော်လံအပိုင်းပါသော ဒီဇိုင်းမျိုး ဖြစ်သည်။ ခါးပတ်ပတ်လည်တွင် အတွန့်ထည့်ထား၏။ အသားအရေနှင့် အင်္ကျီ


mgyoe.com

mgyoe.com

အရောင်က မလိုက်ဖက်ဘဲ နဂိုရှိရင်းစွဲထက် ရုပ်ဆိုးနေသည်။ ဆံပင်ကိုလည်း အရောင်ဆိုးထားသည်။ သူနှင့် မလိုက်ဖက်သော်လည်း ဆံပင် အရောင်ဆေးက စိုပြီး တောက်သည်။ သူက ဆိုင်ထဲသို့ ဟိုဒီကြည့်ရင်း တစ်စုံတစ်ယောက်ကို မှန်းပြီး ရှာနေပုံရ၏။ သူ့အနီးမှ ဖြတ်သွားသော စားပွဲထိုးလေးအား-

'ဪ ... မောင်လေး တဆိတ်လောက်ကွယ်၊ ကျော်နေခ ဆိုတဲ့ လူတစ်ယောက်များ တွေ့မိသေးလားဟင်'

အမျိုးသမီးကြီးက ဖုန်းထဲမှ ကျော်နေခ၏ ပရိုဖိုင်းပုံကို ပြပြီး မေးလိုက်၏။

'ဪ ဟိုလူကို ပြောတာ ထင်တယ်။ ဟိုးက ထောင့်စားပွဲမှာ ထိုင်နေတယ်'

စားပွဲထိုးလေးက ရိုးရိုးသားသား ပြောရှာသည်။ အမျိုးသမီးကြီး မျက်နှာ ပြုံးသွားသည်။

'ဪ ... ကျေးဇူးပါကွယ်'

ထိုအမျိုးသမီးက ကျော်နေခနှင့် ပုလဲပျိုစင် ထိုင်သည့် စားပွဲဝိုင်းဆီသို့ ဆတ်တောက်ဆတ်တောက်နှင့် လျှောက်လာသည်။ အနားရောက်တော့ စားပွဲပေါ် တင်ထားသည့် ပုလဲပျိုစင်၏ အိတ်ကို သတိထားမိသွားဟန် တူသည်။ မျက်နှာတစ်ချက် ပျက်သွား၏။ ဆံပင်ကို တစ်ချက်သပ်ပြီး ချက်ချင်း ပိုင်စိုးပိုင်နင်းပုံစံ ပြောင်းသွား၏။ ချောင်းတစ်ချက်ဟန့်ပြီး မျက်နှာကို မော့ချီကာ မေးလိုက်၏။

'မောင်လေးက ကျော်နေခလားကွယ်'

ကောင်မလေးကိုသာ အာရုံစိုက်နေသော ကျော်နေခက မော့ကြည့်လိုက်သည်။ သူ့မျက်လုံးထဲ ရောင်စုံဘောလုံးတစ်လုံး လိမ့်ဝင်လာသလို ခံစားရသည်။ အိတ်အနီရောင်ကို လွယ်ထားပြီး ဆေးရောင်စုံ ပြင်ဆင်ခြယ်သထားသော အမျိုးသမီး တစ်ယောက်က ကျော်နေခကို မခို့တရို့လေး ကြည့်နေသည်ကို မြင်ရ၏။ အမျိုးသမီးက ကျော်နေခ၏အာရုံ သူ့ဆီ ရောက်လာပြီမို့ အချိန်မဖြုန်းဘဲ-

'တို့နာမည် ခင်ပုလဲပါ။ ဟောဒီမှာ တို့လည်း အိတ်အနီလေးပဲ လွယ်လာခဲ့တာ'

ဟု ချက်ချင်း မိတ်ဆက်လိုက်သည်။ ကျော်နေခ မျက်လုံးပြူးသွား

mgyoe.com SAMPLE BOOK

သည်။ သူနှင့် ချိန်းထားသူက ကောင်မလေးဟု ထင်နေရာမှ မိန်းမကြီး ဖြစ်နေသည်ကို ရိပ်မိလိုက်ရာ ဘောင်းဘီထဲ ဖားပျံဝင်သလို အလန့်တကြား မတ်တတ် ထရပ်လိုက်မိ၏။ ပုလဲပျိုစင်က ကာလာစုံအမျိုးသမီးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး အခြေအနေကို အကဲခတ်မိသည်။ အင်္ကျီဒီဇိုင်းကို ကြည့်ပြီး အမျိုးသမီးက ငယ်ချင်ဟန်ဆောင်ထားပုံနှင့် တူသည်။ မျက်လုံးထောင့်တွင် ကျီးခြေရာလေးတွေကို တွေ့ရသောကြောင့် အသက် မငယ်တော့ဘူး ဆိုသည်ကို ခန့်မှန်းမိသည်။ မရှိဘူး ဆိုလျှင်တောင် အသက်က ၄၀ နား နီးနေသည့် အရွယ်ဖြစ်သည်။ လက်ရှိ အနေအထားအရ အမျိုးသမီးနှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် အကဲခတ်နေပြီး ကျော်နေခက မိုးတိုးမတ်တတ် ရပ်လျက် အမေပျောက်သည့် မျောက်ကလေးကဲ့သို့ မျက်နှာလေး ငယ်နေသည်။ ဆိုင်က လူတွေ အမြင်တွင် ကျော်နေခက မယားငယ်နှင့် ချိန်းတွေ့နေစဉ် မယားကြီး လိုက်လာသော ဇာတ်ကွက်မျိုး ဖြစ်သည်။ ကျော်နေခ ချောက်ထဲ ကျတော့မည်။ ကျော်နေခက ခင်ပုလဲကို မသိမသာ ကြည့်သည်။ ဓာတ်ပုံထဲတွင် တွေ့သောပုံနှင့် အခု တကယ့်အပြင်က ပုံက တော်တော်ကွာနေသောကြောင့် ဟုတ်ရဲ့လားဟု သူ သံသယဝင်မိသေးသည်။

သို့သော် အမျိုးသမီး၏ နာမည်နှင့် ပခုံးတွင် လွယ်ထားသော အိတ်အနီရောင်ကြောင့် သူနှင့် ချိန်းဆိုထားသူဟု လက်ခံရသည်။ ကိုထွန်း၏ လျှောင်ရယ်နေသော မျက်နှာကို မြင်ယောင်သည်။ သေခါနီး နိမိတ်ပုံဆိုးတွေ မြင်သည့်အလား သူ ခေါင်းကို ခါရမ်းထုတ်လိုက်သည်။ စိတ်ထဲမှ နေထွန်းကိုလည်း ဆဲနည်းမျိုးစုံဖြင့် ကျိန်ဆဲနေမိသည်။ ဖူးစာရှင် ရှာသတဲ့လား၊ သူ့ပုံစံကဖြင့် ကန်တော့ပါရဲ့ သွေးဆုံးတော့မည်ဟု စိတ်ထဲက ပြောမိသည်။ ကောင်မလေးကို အားနာစွာဖြင့် ကြည့်မိသည်။ သူ အူကြောင်ကြောင်နိုင်ပုံကိုလည်း ပြန်တွေးမိရင်းက ရှက်သွားသည်။

'ဟုတ်ပါတယ် ကျော် မလား။ တို့ ရောက်တာ နောက်ကျသွားလို့ ဆောရီးနော်'

အားနာပါးနာပင် ကျော်နေခ ခေါင်းညိတ်မပြမိ။ ယခုထိ သူ့ပါးစပ်မှ စကားတစ်လုံးမှ ထွက်မလာသေး။ သည်နေ့အဖို့ ကာလာစုံအမျိုးသမီးနှင့် အချိန်ဖြုန်းရတော့မည်ကို တွေးမိရင်းက ဝမ်းနည်းသွားသည်။ သူ့အနေဖြင့် အသက်


mgyoe.com

mgyoe.com

၄၀ အရွယ် ထိုအမျိုးသမီးနှင့် မည်သည့် အကြောင်းမျှ ဆွေးနွေးစရာ မရှိနိုင်ချေ။ သူ့အတွက် ဖူးစာရှင် ဆိုသည်ကား ပိုဝေးသည်။ စိတ်ထဲက ဘယ်လိုတွေးတွေး ချိန်းက ချိန်းထားမိပြီ။ တဖက်သားကို လေးစားသင့်သည်ဟု အတွေးရောက်ရင်းက သစ်စိမ်းချိုး ချိုးဖို့ စိတ်ကူးကို စွန့်လွှတ်သည်။ ဖြစ်နိုင်လျှင် အမျိုးသမီးကို သူ့ဘာသာ ထွက်သွားစေချင်သည်။ ပုလဲပျိုစင်ကို အားကိုးတကြီး ကြည့်မိသည်။ ဇီးရွက်လောက် မျက်နှာသာ ကျန်တော့သည့် ကျော်နေခကို ပုလဲပျိုစင်လည်း မြင်သည်။

ရုတ်ချည်း ပြောင်းလဲသွားသော အခြေအနေကို ရယ်လည်း ရယ်ချင်၊ ကျော်နေခကို သနားလည်း သနားမိသွား၏။ ကျော်နေခသည် ချုံပုတ်တွင် ဦးချိုပြိနေသော သမင်ကဲ့သို့ ဖြစ်နေသည်။ လာကတည်းက အူကြောင်ကြောင်နှင့် ယခုတော့ ဘဲကြီး ဒုက္ခရောက်ပြီဟု စိတ်ထဲက ကျိတ်ပြုံးမိလိုက်သေးသည်။ ငါ မကူညီလျှင်တော့ ဒီလူ သေဖွယ်ရာ ရှိတော့သည် ဟူသော စိတ်ကြီးဝင်ရင်းက ကျော်နေခကို ကြည့်လိုက်မိပြန်သည်။ မျက်နှာငယ်ဖြင့် ဆုံရပြန်သည်။ သနားမိသောကြောင့် အမျိုးသမီးကြီးလက်က မည်သို့ ကယ်ထုတ်ရမည်ကို ခပ်သွက်သွက် စိတ်ကူး ကြံဆနေမိသည်။

'လာလေ ... ကျော်၊ ဟိုဘက်ဝိုင်း သွားထိုင်ရအောင်'

'ဟင်'

ကျော်နေခ ခိုးပြီး သက်ပြင်းချလိုက်သည်။ ကောင်မလေးဆီမှ ခိခနဲ ရယ်သံတစ်ချက် ကြားလိုက်သည်။ သည်တောင်ကို ကျော်လို့ မရနိုင်ဟု သူထင်လိုက်သည်။ ဘာကိုမှန်း မသိ၊ ဒေါသလည်း ထွက်သွားမိ၏။

ပုလဲပျိုစင်က ရေဇလုံထဲ ဖိနှိပ်ထားရင်းက ကန်တက်လာသော ပင်ပေါင်ဘောလုံးလို ရယ်ချင်စိတ်ကို နှုတ်ခမ်းကိုက်ပြီး ထိန်းထားရသည်။

'ဩော် ... ဒီက အစ်မ နည်းနည်းမှားနေပြီ ထင်တယ်နော်'

အမျိုးသမီးက ပုလဲပျိုစင်ကို ဆတ်ခနဲ ကြည့်သည်။ မလိုတမာအသံ ထွက်လာ၏။

'ဟင် ... သူက ကျော်နေခ မဟုတ်ဘူးလား'

'ကျော်နေခတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ... '

ဟုတ်ရင် ဘာလို့ ပြောနေသေးလဲ ဆိုသော အတွေးဖြင့် အမျိုးသမီး


mgyoe.com

mgyoe.com

က နှုတ်ခမ်းကို မသိမသာ မဲ့သည်။ ချုပ်ကိုင်ထားသော သက်သေကို ထပ်ခါ ပြောသည်။

'ဖူးစာရှင် page ကနေ ချိန်းထားတဲ့ ကျော်နေခ မဟုတ်ဘူးလား'

'ဒါလည်း ဟုတ်ပါတယ်'

'ဒါဆို ကျော်နေခပဲပေါ့'

'ကျော်နေခလည်း ဟုတ်ပါတယ်။ အိတ်အနီရောင်လေး လွယ်ခဲ့မယ် လို့ ပြောတဲ့ အစ်မကလည်း ကျော်နေခနဲ့ ချိန်းထားတာလည်း ဟုတ်ပါတယ်'

ဒါနဲ့များ ဘာလို့ အပိုစကားတွေ ပြောနေရတာလဲ ဆိုသည့် စိတ်မရှည် ဟန်ဖြင့် အမျိုးသမီးကြီးက-

'ဒါဆိုလည်း ဟိုဘက်ဝိုင်းမှာ သွားထိုင်ပြီး အေးအေးဆေးဆေး ပြောကြ မယ်လေ'

'အဲဒီလိုတော့လည်း မဟုတ်ဘူး အစ်မရဲ့'

အမျိုးသမီး ခေါင်းမူးလာပုံ ရသည်။ မျက်မှောင်ကို အနည်းငယ်ကုတ် လိုက်ပြီး ဆတ်တောက်တောက်ဖြင့် မေးသည်။

'ဒါဆို ဘာမှားနေတာလဲ'

ကျော်နေခလည်း အမျိုးသမီးလိုပင် စိတ်ဝင်စားသွားသည်။ကောင်မ လေး ဆက်ပြောမည့် စကားကို နားစွင့်မိသည်။

'မှားနေတာကတော့ သမီး အစ်ကို ကိုကျော်နေခက စကား မပြော တတ်ဘူး အစ်မရဲ့။ ငယ်ငယ်က အက်ဆီးဒင့်တစ်ခု ဖြစ်ပြီး အ,သွားတာ'

'ဟင်'

'ဟယ်'

ကျော်နေခ မျက်လုံးပြူးပြီး ပုလဲပျိုစင်ကို ကြည့်၏။ အမျိုးသမီးက လည်း ကျော်နေခကို ကြည့်သည်။ ကျော်နေခ မသိသလို လုပ်နေသည်။ အမျိုး သမီးက တခြားနေရာကို ကြည့်ပြီး စဉ်းစားသည်။ မသင်္ကာ၍ ကျော်နေခကို ထပ်ကြည့်ပြန်သည်။ ကျော်နေခ မသိသလို လုပ်နေပြန်သည်။ အမျိုးသမီးက စိတ်ရှုပ်သွားဟန်ဖြင့် 'ဟုတ်လို့လား'ဟု မရဲတရဲ မေးသည်။

'ဟုတ်တယ်။ အဲဒါကြောင့် အစ်မပါ ဒီဝိုင်းမှာ ထိုင်ပြီး စကားပြောကြ နော်။ ဒါမှ အစ်ကို ပြောတဲ့ စကားကို သမီးက ဆွဲအ နားမကြား ဘာသာပြန်


mgyoe.com

mgyoe.com

ပေးရမှာ။ အကျင့်မရှိသေးရင် အစ်မ နားလည်ဖို့ မလွယ်ဘူး'

ပုလဲပျိုစင်က ခပ်တည်တည် ပြောသည်။ အမျိုးသမီး မျက်နှာက လကို တိမ်မည်းဖုံးသလို တမုဟုတ်ချင်း မည်းမှောင်လာသည်။ မည်းသော အသားက အဆီပါ ပြန်လာ၏။

'အို ... မဟုတ်တာ။ ဘယ်နှယ့် စကားမပြောတတ်တဲ့သူက လူကို ချိန်းရတယ်လို့'

အမျိုးသမီး စိတ်ပျက်စကား ပြောသည်။ ကံကောင်းလာပြီဟု တွေးရင်း ကျော်နေခ ကြိတ်ပြီး ဝမ်းသာနေ၏။

'ဟုတ်တယ် ... အစ်မရဲ့ အစ်ကိုနဲ့ အစ်မ အဆင်ပြေသွားကြရင် သမီး အခုလုပ်တဲ့ တာဝန်ကို အစ်မ ဆက်ပြီး ယူပေးရမယ်နော်။ မခက်ပါဘူး အစ်မ ရယ်၊ အစ်ကိုနဲ့ အတူနေတာ ကြာရင် အလိုလို တတ်သွားမှာ။ တာဝန်ယူပေး မယ် မလားဟင်'

ပုလဲပျိုစင်က မျက်နှာလေးငယ်ပြီး အားကိုးတကြီး ပြောသည်။ အမျိုး သမီးက ပိုပို လန့်လာသည်။ စည်ပင် အမှိုက်သိမ်းကား သူ့အိမ်ရှေ့က ဖြတ်သ ဖြင့် မသတီသလို နှာခေါင်းကို ရှုံ့သည်။ ကျော်နေခကို ခြေဆုံးခေါင်းဆုံး ကြည့်ပြန်၏။ ဘယ်လောက် ချောချော၊ အ,အကိုတော့ လင်မတော်နိုင်ဘူး ဟူသော ဆုံးဖြတ်ချက်က ပြတ်သားနေ၏။

'ဘာတွေပြောနေတာလဲ ညီမ'

'ဩော် ...၊ အစ်မ ပါ အ သွား အဲလေ ... အစ်ကို ပြောတာကို အစ်မ နားလည်သွားမှာပါလို့။ ဟီး ... အဲဒါကို ပြောတာ'

အမျိုးသမီးက မခံချင်စိတ်ဖြင့် မျက်လုံးကြီး ပြူးထွက်လာသည်။ ဘယ်နှယ့် သူ့အစ်ကို အ အ ကို ကိုယ့်ဆီ ထိုးထည့်နေတယ်ဟု အတွေး ရောက်ရင်းက ကောင်မလေးကို မဲ့ကာရွဲ့ကာဖြင့် ပြောလိုက်သည်။

'အံမယ်လေးတော် ... တော်ပါပြီ။ ငါ့ဘာသာ ရေသောက် ဗိုက်မှောက် နေပါတော့မယ်။ အ အ ကိုတော့ လင် မတော်ပါရစေနဲ့တော့။ သွားပြီဟေ့'

အသံ အနည်းငယ် ကျယ်သွားသည် ထင်သည်။ ဆိုင်ထဲမှ စားပွဲထိုး များ လှမ်းကြည့်ကြသည်။ သို့လော သို့လောဖြင့် စပ်စုချင်ပုံနှင့် မရောင်မလည် တိုးလာနေ၏။

mgyoe.com SAMPLE BOOK

'ဟယ် ... အစ်မရယ်၊ အဲဒီလောက်ကြီး သစ်စိမ်းချိုးကြီးတော့ မလုပ်ပါနဲ့ ... အစ်မ ... အစ်မ'

ထိုအမျိုးသမီးကြီးက ချာခနဲ လှည့်ထွက်သွားရာ ပုလဲပျိုစင်က အတင်းလက်ကို ဆွဲပြီး သရုပ်ဆောင် ကောင်းကောင်းဖြင့် ခေါ်လိုက်သေး၏။

'ဖယ် ... ဖယ် ... မနေဘူး။ သွားမယ်'

အမျိုးသမီးကြီးက အတင်းရုန်းကန်ပြီး ထွက်သွားတော့သည်။ဆိုင်အပြင်ဘက် ရောက်သွားသည့်အခါ ထိန်းချုပ်ထားသမျှ လွှတ်ချပြီး ရေစည်လှည်း အခံဆို့ ဖွင့်ချသလို ပုလဲပျိုစင်က ဝါးလုံးကွဲ ရယ်ချလိုက်၏။

'ဟား..ဟား..ဟား။ Lady ကြီး တင်းသွားပြီ။ ဟား ဟား'

ပုလဲပျိုစင်၏ ကလေးဆန်စွာဖြင့် ခန္ဓာကိုယ်ကို လှုပ်ကာ တသိမ့်သိမ့် ရယ်မောနေသော အမူအရာကို မြင်ပြီး ကျော်နေခလည်း လိုက်ပါ ရယ်မောသည်။'မင်းဟာ တကယ့်ချာတိတ်မလေးပါလား' သတိထားမိချိန်တွင် သူ့ရယ်သံကိုပင် သူ ပြန်လန့်သွားသည်။ အခု တစ်ခါလောက် စိတ်ပါလက်ပါ မရယ်မိခဲ့တာ ဘယ်လောက် ကြာနေပြီလဲ။တွေးရင်း မည်သည့်စကားမျှ မဆိုနိုင်ဘဲ ချစ်စရာ ထိုကောင်မလေးကို ငေးစိုက်ကြည့်နေမိသည်။ သူ့မိုးကောင်းကင်တွင် တိမ်တို့ သီချင်းဆိုညည်းသံ သဲ့သဲ့ကြားလိုက်ရသည်။ သံစဉ် ပျောက်နေသော သူ့ကောင်းကင်အတွက် တေးသွားတွန်ကျူးဖို့ ငှက်ပေါက်စလေး တစ်ကောင်သည် လေအဟုန်တွင် ဝဲပျံနေ၏။ ထိုအချိန်မှ စပြီး သူ့ဘဝ၏ တိတ်ဆိတ်မှုတွေအားလုံး အဆုံးသတ်သွားသည်ဟု ထင်သည်။

ရှေးရိုးစွဲကြီး ကျော်နေခသည် ပုလဲပျိုစင် ဆိုသော ပြောင်ပြောင်နောက်နောက် ကောင်မလေးတစ်ယောက်နှင့် ထိုသို့ စတင် ဆုံဆည်းခဲ့လေသည်။ မည်မျှ ကလေးဆန်သလဲဆိုလျှင် ကျော်နေခ၏ အိမ်လိပ်စာကို ပုလဲပျိုစင်က သင်တန်းစာအုပ် နောက်ကျောဘက်တွင် ခဲတံလေးနှင့် ရေးမှတ်သွားသည်။ ခေတ်မိန်းကလေး ဖြစ်သောကြောင့် အရာရာကို ရဲတင်းပွင့်လင်း လွန်းသည်။ ပုလဲပျိုစင်က ကျော်နေခ အိမ်ဆိုလျှင်လည်း ဝင်ချည်ထွက်ချည် လာလည်နေကျပင်။ ကျော်နေခ သိသည့် ကောင်မလေးက အသက် ၂၀ ပင် မပြည့်သေး။ နုပျိုလွန်းနေ၏။ စကားပြောသည့်အခါ သူ့ကိုယ်သူ 'သမီး'ဟု နာမ်စားသုံးပြီး ပြောတတ်ပုံလေးက တမျိုးဆန်နေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

နေရာတကာ ရှုပ်ပျာပျာဖြင့် သွားလာလှုပ်ရှားတတ်ပြီး ဟိုပစ္စည်း တိုက်မိ၊ ဒီပစ္စည်း တိုက်မိနှင့် ပုလဲပျိုစင် ရောက်လာပြီဆိုလျှင် တိတ်ဆိတ်နေသော ကျော်နေခ တိုက်ခန်းသည် အသံဗလံများဖြင့် ဆူညံနေတော့သည်။ တစ်ခါတစ်ရံ ထူးထူးခြားခြား ကျော်နေခကို သူက ဘဲကြီးဟု ခေါ်တတ်သည်။ ကြားကြားချင်း ဘာမှန်း နားမလည်။ ခေတ်အခေါ်အဝေါ် ဖြစ်ကြောင်း ရှင်းပြသေး၏။ ထိုအခေါ်အဝေါ်ကို ကျော်နေခ မကြိုက်။ နားထဲလည်း မဝင်။ ပုလဲပျိုစင်က ခေါ်တော့ အစက သူ ဘာမှ မပြောမိ။ နောက်ပိုင်း စိတ်ထဲ ပိုပိုလေး နက်မိရင်းက ထိုသို့ မခေါ်ဖို့ ပြောတော့ ပုလဲပျိုစင်က လူကြီးဟု ပြောင်းခေါ်သည်။ သိပ်မဆိုးဟု သူ ထင်သည်။ သူ လက်ခံလိုက်၏။ ကောင်မလေး၏ အမူအရာသည် ကျော်နေခအဖို့ ချစ်စနိုး ဖြစ်ရသည်။

ဥပမာ ပုလဲ အလို မကျ သည့် အချိန်တွင် နှုတ်ခမ်းလေး စူပွနေတာ၊ စာအုပ်ဖတ်နေပြီ ဆိုလျှင် တွတ်တီးတွတ်တာဖြင့် စကားတွေ ပြောနေတာ၊ တစ်ခါတစ်ရံ လူကြီးသူမလို၊ ပွရှုပ်နေသော ကျော်နေခ၏ အခန်းကို ရှင်းရင်း ပစ္စည်းတွေကို မဖွဖို့ ကိုင်ပြီး လျှင် ယူသည့်နေရာ ပြန်ထားဖို့ အမှိုက်များကို အမှိုက်ပုံးထဲ ထည့်ဖို့ စသဖြင့် ကျော်နေခကို ဆုံးမနေတတ်သေး၏။

တစ်ခါ တစ်ရံ ကျော်နေခကို ခြေသည်း ညှပ်ပေးတတ်သည်။ နာမှာစိုးသဖြင့် တကယ့်ကို ဖြည်းဖြည်းလေး သတိထားပြီး ညှပ်ပေးနေသော ကောင်မလေးကို ကျော်နေခ အသည်းယားပြီး ဖျစ်ညှစ် ပစ်လိုက်ချင်မိ၏။ တစ်ခါတစ်ရံ အလွမ်းသီချင်းတွေကို ဖွင့်နားထောင်ပြီး မျက်ရည်လည်ချင် လည်နေတတ်သေးသည်။ ရေမွှေး မကြိုက်သည့် ကောင်မလေး၊ အလွမ်းသီချင်း ကြိုက်ပြီး မလွမ်းချင်သည့် ကောင်မလေး၊ 'သမီး'ဟု နာမ်စားသုံး ပြောတတ်သည့် ကောင်မလေးအဖြစ် ကျော်နေခ ပုလဲကို သိရသည်။

တစ်ခါတစ်ရံ ပုလဲပျိုစင်က ကျော်နေခ ဖွင့်ပြီး နားထောင်လေ့ရှိသော ရှေးခေတ်သီချင်းများကိုလည်း လှောင်ပြောင် သရော်တတ်သေးသည်။

'ကိုကျော်နေခလည်း အဖိုးကြီး ကျနေတာပဲ။ အိမ်က အဖွားတောင် ဒီလို သီချင်းမျိုး တစ်ခါမှ နားထောင်တာ မတွေ့ဘူး'

ကျော်နေခက နားလည်စွာဖြင့် ဘာမှ မပြောဘဲ အပြုံးဖြင့်သာ တုံ့ပြန်သည်။ တစ်ခါတစ်ရံ အဲသည်လို ပြုံးသည်ကို ပုလဲပျိုစင်က မကြိုက်ဘူးဟု


mgyoe.com

mgyoe.com

ပြောဖူးသည်။ ဘာအစီပွဲယ်မှ မရှိသလို ခံစားရသည်ဟုလည်း ဆိုသည်။ ရှည်ရှည်ဝေးဝေးတော့ မပြောပါ။ ကျော်နေခ အတွက်တော့ တချို့ကိစ္စများက ထိုအပြုံးသည် အဖြေဖြစ်သည်။

'နောက်နေ့ကျရင် သမီး သီချင်းခွေတွေ ယူလာမယ်။ နားထောင်ကြည့်၊ လူကြီး စွဲသွားစေရမယ်၊ တကယ့်အမိုက်စားတွေ'

'ဟား ...၊ ပုလဲရာ မင်းဟာ တကယ့်ကို ကလေးလေးပါလား'

'အံမယ်...၊ သမီးက ကလေးမဟုတ်ပါဘူးနော်၊ လူကြီးပါ ...'

'ကိုယ့်မျက်စိထဲတော့ မင်းအမူအရာတွေက ဘယ်အချိန် ကြည့်ကြည့် ကလေးလိုပဲ မြင်နေမိမှာပဲ။

ပုလဲက အလိုမကျသလို နှုတ်ခမ်းလေး စူသွားသည်။

သူစကားအတိုင်း နောက်နေ့ သီချင်းခွေတွေ ယူလာပြီး ကျော်နေခ အတွက် ဖွင့်ပြသည်။ သူ ကိုယ်တိုင်လည်း ကလေးလို လိုက်ဆိုသည်။ သီချင်းတွေက ဒီနေ့ ခေတ်လူငယ်ကြိုက် Rap သီချင်းတွေ ဖြစ်သည်။ ပုလဲက ဖွင့်ပြရုံတင်မကဘဲ DVD ဖြင့် ရုပ်ရော၊ အသံရော ဖွင့်ပြသည်။ ပထမဆုံး ထွက်လာသည့် သီချင်းကို ကြားတော့ နားမလည်နိုင်စွာဖြင့် ကျော်နေခက ပုလဲပျိုစင်ကို ကြည့်မိသည်။

*'တောင်းဆိုတာ များရင်တော့ နေထုတ်လှမ်းရတော့မယ်နော်'*

ရုတ်တရက် ထွက်လာသော လူငယ်တစ်ယောက်၏ အသံကြောင့် ကျော်နေခ လန့်ပင် လန့်သွား၏။ ဇာတ်ကားများလားဟု ကြည့်လိုက်ရာ လူငယ်တစ်ယောက်က မဲ့ရွဲ့ပြီး ပြောနေသည်ကို တွေ့ရ၏။

*'ဟုတ်တယ်၊ ဖြိမ်းခြောက်ရင်တော့ ဆီ ထည့်လိုက်ပေတော့ ...*
*ရင်ကြပ်ရင် မော်တော်ပီကယ် ဌားလိုက်...။*
*ဟေ့ကောင် ... မင်းငါ့ကို စောက်ပေါ မဟုတ်ဘူး ထင်နေလား*
*ဟေ့ကောင် ...'*

အဆိုတော်ကြက်ဖက ရုတ်တရက် မျက်လုံးပြူးပြီး ထအော်လိုက်ရာ ထိုင်နေသော ကျော်နေခက နောက်သို့ အနည်းငယ် ယိုင်သွားသည်။

'ဟာ ဘာ ... ဘာတွေလဲ။ ဘာတွေလဲ ပုလဲရယ်။ ပုလဲ ပြောတော့ သီချင်းဆို။ ရန်ဖြစ်နေတာလား။ သူက ဘယ်သူတုံး'


mgyoe.com

mgyoe.com SAMPLE BOOK

မျက်လုံးပြူး မျက်ဆံပြူးဖြင့် ပြောနေသော ကျော်နေခကို ပုလဲပျိုစင် ရယ်ချင်သွား၏။ Pause ခလုတ်နှိပ်ပြီး-

'ဟား ဟား အဲဒါ နာမည်ကြီး အဆိုတော် ကြက်ဖ ... လူကြီးရဲ့။ ဒါတောင် မသိဘူးလား'

အဆိုတော်နာမည် ကြားမှ ပိုဆိုးသွားသည်။ စိတ်သာမက ဦးနှောက်ပါ ချောင်ချင်ချင် ဖြစ်သွားသည်။

'ဟင် အဆိုတော် နာမည်ကလည်း ကြက်ဖတဲ့လား။ တစ်မျိုးပဲနော်'

ကျော်နေခ မျက်နှာကြီးက အီလည်လည်ကြီး ဖြစ်သွားသည်။

'ဆက်နားထောင်ကြည့်။ ဒီသီချင်းက လူငယ်တွေ ကြားမှာ သိပ်ရေပန်း စားနေတာ ။ ကြာတော့ ကြာနေပြီ။ ဒါပေမဲ့ လန်းချက်က နိုင်း ကျော်တယ်'

'ဘာ ကျော်တယ် ... ပုလဲ။ နိုင်း ကျော်တယ်။ ဘာကြီးတုံး'

'ဟား အရမ်းကောင်းတယ်လို့ ပြောတာ။ လူကြီး လုပ်တာနဲ့ သမီး သီချင်းက ရှေ့ဆက်မရတော့ဘူး။ နားထောင်ကြည့်'

ပုလဲ၏ အမိန့်ကြောင့် ကျော်နေခက သတိအနေအထားဖြင့် နားထောင်ကြည့်ရပြန်သည်။ TV ထဲမှ ကြက်ဖဆိုသည့် အဆိုတော်က-

*'အခုသီချင်းက စောက်ရမ်းတော့ ဖြတယ်..*

*ဘာလဲ ... ဘာလဲ ... သွား သွား'*

'ဟင်'

ကျော်နေခ စိတ်ထဲ ဘယ်နှယ့် သီချင်းမျိုးပါလိမ့်ဟု အံ့ဩနေမိသည်။ သီချင်းစာသားထဲတွင် သရုပ်ပျက် သူတောင်းစားတွေရော၊ ကပ္ပလီနဲ့ တူဗို့ သွားတွေကို စိန်စီတယ် ဆိုတာတွေရော ပါသည်။

*'ပြဿနာတွေကြားမှာ ဒါးတွေ ဒါးတွေ ပါလာခဲ့မယ့်နေ့က ပြဿဒါး...၊ ပြဿဒါး ရွှေတဲ့ နေရာတိုင်းမှာ တွေ့တဲ့ခြေရာ တိုင်းတာ ... အဲဒါဆို ငါ့ကို ဖိနပ်ငှား ဖိနပ်ငှား'* ဆိုပြီး နောက်က *'ပေးလေ ... ဟော့ကောင် ... ပေးလေ ဟော့ကောင်'* ဟု တခြားတစ်ယောက်က ဆိုပေး၏။ နောက်က အသံကို ပုလဲပျိုစင်ကလည်း အသံနေ အသံထားအတိုင်း လိုက်ဆိုနေသည်။

လက်တွေမြှောက် လက်ညှိုးတွေ ထိုးနှင့် ကျော်နေခက နားတွေရော မျက်စိတွေပါ မူးနောက်လာ၏။ ဘယ်လို ဖြစ်တာပါလိမ့်။ အရင်ကဆိုလျှင်


mgyoe.com

mgyoe.com SAMPLE BOOK

အနုပညာ သီချင်းစာသားထဲ 'စောက်' ဆိုသည့်စကား ထည့်ရေးဖို့ မဆိုထားနှင့် အချင်းချင်း စကားပြောသည့် အခါတွင်ပင် ထို 'စောက်' ဟူသော စကားကို ထည့်မသုံးဘဲ ရိုင်းသည်ဟု အားလုံး ယူဆထားကြသည်။

ခေတ်စနစ်တွေကပင် ပြောင်းလဲသွားသည်လား၊ သို့မဟုတ် လူ၏ စိတ်နှလုံးဝိညာဉ်က ပြောင်းလဲသွားသည်လား။ ခေတ်စနစ် မတူတာနှင့် ဂီတတွေ ပြောင်းလဲသွားသည်လား။ သို့မဟုတ် ဂီတကို ခံစားသော နှလုံးသားတွေ ပြောင်းလဲသွားသည်လား။ ကျော်နေခက ယောင်ယမ်းပြီး သူ့နှလုံးခုန်သံကို စမ်းလိုက်မိသည်။

ဟင်အင်း ... တစ်သက်လုံး ခုန်နေတဲ့ နှလုံးဟာ ဒီနှလုံးသားပဲ၊ ငါ တစ်သက်လုံး ခံစားလာခဲ့တာလည်း ဒီနှလုံးသားနဲ့ပါပဲ၊ ဒါဆိုရင် ဘာတွေက ပြောင်းလဲသွားတာလဲ။ အဲဒီအရာတွေကို ပြောင်းလဲဖို့ ဘယ်သူက စွမ်းဆောင်ခဲ့တာပါလိမ့်။ ဂီတသံလား စကားပြောသံလား မသဲကွဲသည့် ခေတ်ပေါ်သီချင်း တစ်ပုဒ်ကတော့ ကျော်နေခ၏ တိုက်ခန်းနံရံတွေဆီသို့ ပဲ့တင်ထပ်လျက်...။ သူ မည်သို့မျှ မခံနိုင်တော့သည့် အဆုံး ...

'ပုလဲရယ် ... ခဏလေး၊ ကိုယ် ခေါင်းတွေ မူးလာလို့ပါ။ ခဏလေး ပိတ်လိုက်ပါနော်'

'ဟာ ... လူကြီးကလဲ ဘာဖြစ်လို့လဲ။ ဒီလောက် နားထောင်လို့ ကောင်းနေတဲ့ ဥစ္စာကို'

ပုလဲက စူစူပွပွလေး ပြော၏။ အလိုလိုက်ချင်သော်လည်း မည်သို့မျှ မခံနိုင်တော့သည့် ကျော်နေခက လက်ကာပြလိုက်သည်။

'တောင်းပန်ပါတယ် ပုလဲရယ်။ ကိုယ် တကယ် နေရတာ အဆင် မပြေတော့လို့ပါ။ နော် ပုလဲက လိမ္မာပါတယ်'

တကယ်ပင် ခေါင်းတွေ မူးနောက်လာဟန်ဖြင့် ပြောနေသော ကျော်နေခကို ကြည့်ပြီး ပုလဲ စိတ်ထဲ သနားသွားမိသည်။ ပုလဲတွင် သူငယ်ချင်းတွေ ရှိသည်။ တချို့မိန်းကလေး သူငယ်ချင်းများ၏ ချစ်သူတွေထဲတွင် ကျော်နေခ အရွယ်တွေ ပါသလို အနည်းငယ်ကြီးသည့် လူတွေပင် ပါသေးသည်။ သူတို့ ဂေါ်ချက်က တစ်ခါတလေ ပုလဲတို့ပင် လိုက်မမီ။

အခုတော့ အသက်လေး ၂၆ နှစ်သာ ရှိသေးသည့် ကျော်နေခသည်


mgyoe.com

mgyoe.com SAMPLE BOOK

ကြက်ဖသီချင်းကို ထိုမျှလောက်အထိ သည်းမခံနိုင် ဖြစ်သည် ဆိုသောကြောင့် ထူးဆန်းနေမိသည်။ ကျော်နေခသည် လူငယ်တစ်ယောက် ဖြစ်သော်လည်း အနေအထိုင် အပြောအဆိုက အစ ဟောဟောရမ်းရမ်း မရှိဘဲ တည်ငြိမ်လွန်းသည်။ သူ့ကို မြင်ရသည်က ဆောင်းဦးတိမ်တိုက်တစ်ခု လွင့်မျောနေသလို ငြိမ်းချမ်းအေးမြနေ၏။ ရုပ်ရည်အားဖြင့် ချောမောပြေပြစ်ပြီး အနေအထိုင် တည်ကြည်လွန်းသော ကျော်နေခ ပုံစံသည် အသက် ၂၀ ပင် မပြည့်သေးသော ပုလဲပျိုစင် အတွက်တော့ ရင်ခုန်ဖွယ် အထင်ကြီးဖို့ ကောင်းသော ယောကျ်ားတစ်ယောက် ဖြစ်နေတော့သည်။ မိုးရေစက်ဇာ ပဝါပါးကို တွန်းထွက်လာသော နေရောင်ခြည် တစ်ပွင့်သည် သူ့ပြုံးနှင့် တူ၏။

ခဲသားရောင် စိုလက်နေသော ကောင်းကင်တွင် ငှက်တစ်အုပ်ဖြတ်၍ ပျံသန်းသွားသည်။ သူ့အပြုံးတွေသည် ရင်ခွင်နံရံတွင် စုပြုံပြီး နှလုံးသွေးကြောအနှံ့ စိမ့်ဝင်နေ၏။ လူဆိုသည်မှာ လိမ်ညာတတ်သည်။ သို့သော် သမီး မလိမ်ပါ။ သမီး ချစ်တာ ကိုကို့ကိုပါ။

❑


mgyoe.com